ကြေးမုံ
The Mirror

၁၃၇၂ခုနှစ်၊ ဝါခေါင်လကွယ်၊ ဗုဒ္ဓဟူးနေ့၊ (8-9-2010) (၆၅၁၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပို့ဆောင်နှုတ်ဆက်

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ ဖိတ်ကြားချက်အရ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာ

နေပြည်တော် စက်တင်ဘာ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်ထောင်း၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာသွားကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ခေတ္တသံရုံးယာယီတာဝန်ခံ Mr.Wang Zong Ying တို့က နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၈-၉-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

စာတတ်မြောက်မှုဝန်းကျင် ဝိုင်းဝန်းမြှင့်တင်

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၈ရက် (ယနေ့)သည် **နိုင်ငံတကာ စာတတ်မြောက်ရေးနေ့** ဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ စာတတ်မြောက်ရေး အခမ်းအနားများ ကျင်းပ၍ လူသားတိုင်း စာတတ်မြောက်ရေး၊ သက်ကြီး စာတတ်မြောက်မှု လုပ်ငန်းစဉ်များ တင်ပြနှိုးဆော် ဆက်လက်အကောင် အထည်ဖော်ရေး အားပေးတိုက်တွန်းလျက်ရှိသည်။

မျက်မှောက်ကမ္ဘာတွင် အရွယ်ရောက်ပြီး သက်ကြီးစာမတတ်မြောက်သူ သန်းပေါင်းခုနစ်ရာကျော်ရှိသည်။ ယင်းတို့အနက် စာမတတ်သူ အမျိုးသမီးဦးရေသည် အများစုဖြစ်နေသည်။ ကလေးသူငယ် ၇၅ သန်းသည်လည်း ကျောင်းမနေနိုင်ကြသေးဘဲ စာသင်ကျောင်းများပြင်ပတွင် ရောက်နေကြဆဲဖြစ်သည်။ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်နှင့်အညီ ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိကို **ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်** သတ်မှတ်၍ စာတတ်မြောက်ရေး ရည်မှန်းချက်ပေါက်မြောက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလုပ်ငန်းများကို ခေတ်ကာလအလိုက် ကြိုးပမ်းလာခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ပြည်နယ်လုံးကျွတ်၊ တိုင်းဒေသကြီးလုံးကျွတ် စာတတ်မြောက်ရေးအောင်ပွဲများ ဆင်နွှဲနိုင်ခဲ့ရာ မန္တလေး၊ ရန်ကုန်၊ မကွေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်တို့ပါဝင်သည်။

နိုင်ငံတစ်ဝန်း၌ စာတတ်မြောက်ရေး လှုပ်ရှားမှုလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လာခဲ့ရာ ၂၀၀၀ ပြည့်နှစ်တွင် စာတတ်မြောက်မှု ၉၁ ရာခိုင်နှုန်း ရှိလာခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်ဆိုင်ရာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိသည်။ ၂၁ ရာစုကို ပညာခေတ်ဟု ခေါ်တွင်လာကြသည်။ စာသည် ပညာသင်ယူမှုအတွက် အထောက်အကူဖြစ်သည်။ စာတတ်မြောက်ရေးသည် စာဖတ်တတ်ရန်သာမဟုတ်တော့ဘဲ ကမ္ဘာ့ရေးရာ ဗဟုသုတအဖြာဖြာကို လေ့လာသိရှိတွေးခေါ် မြော်မြင်နိုင်သည်အထိ အကျိုးဖြစ်ထွန်းနေမည် ဖြစ်သည်။

စာတတ်မြောက်ရေး ကြိုးပမ်းမှုခရီးကို ဆက်လက်လျှောက်လှမ်းကြရပေဦးမည်။ စာတတ်မြောက်ပြီးသူများ တတ်ပြီးသည့်စာ မမေ့စေရေး အရေးကြီးသည်။ စာပေဆက်လက်ဖတ်ရှုစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး ကြိုးပမ်းကြရဦးမည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုများ၊ စာကြည့်တိုက်များ၊ စာသင်ဝိုင်းများ၊စာဖတ်ဝိုင်းများတိုးချဲ့ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုဖြင့် စာတတ်မြောက်မှုဝန်းကျင် ဝိုင်းဝန်းမြှင့်တင်သွားကြရမည် ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -မိုးကုတ်ဝိပဿနာတရားစဉ် နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေး
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လှုပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၄။ **Mail Box**
- ၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၁)
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ကြိုးယှက်နွယ် (အပိုင်း-၅)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ရယ်စရာရွှင်စရာဟာသပဒေသာ -အဓိပ္ပာယ်လွဲသောစာတန်းများ (သူရလင်း၊ ပေါ်လေး၊ ဇော်ရေချမ်း၊ ဗေဒါ၊ မိုးပွင့်၊ မျိုးစန္ဒီကျော်၊ မျိုးမျိုးခိုင်) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၂။ **Internet Website** ကဏ္ဍ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တိမ်လွှာကြားကသိုင်းသမား (အပိုင်း-၁၃)**
- ၂၅။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ
တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၇

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ မိသားစုဝင်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က အလှူငွေနှင့် အားကစားအကျႌများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ယင်းနောက် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများသည် လက်ဝှေ့သရုပ်ပြသမှုနှင့် ပွဲစဉ်ယှဉ်ပြိုင်ကစားမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဦးလှထွန်းအား ဒိုင်ဝါသုတေသနလီမိတက် ဥက္ကဋ္ဌအသစ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ဒိုင်ဝါသုတေသနလီမိတက် ဥက္ကဋ္ဌအသစ် Mr. Takashi Fukai **နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**

(ဘဏ္ဍာ/အခွန်)

နေပြည်တော် စက်တင်ဘာ ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းအား ဒိုင်ဝါသုတေသနလီမိတက်ဥက္ကဋ္ဌအသစ် Mr. Takashi Fukai နှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ရုံးခန်းမ၌ လာရောက်တွေ့ဆုံ၍ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အကျယ်တဝင့် ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ဩဂုတ် ၁၇ ရက်က မိုင်းယောင်းမြို့ မြို့မဈေး မီးဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ (ဒုတိယဦးစီးမှူး) ဦးထန်ဒေါင့်တွန် ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စက်တင်ဘာ ၆ ရက်က ကွယ်လွန်သူဖခင်ကြီး ဦးမြလေး (၁၅)နှစ်ပြည့်အား ရည်စူးပြီး မိခင် ဒေါ်ဝင်းဝင်းကြည်အား အမှူးထား၍ ယုဇန၊ မြခွာညို၊ ဧရာဝဏ်လမ်း၊ သာကေတမြို့နယ် ရန်ကုန်မြို့နေ ဦးစိုး-ဒေါ်ခင်မမ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ဆွမ်းတစ်နေ့တာ အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အကျိုးဆောင် စာရင်းစစ် ဦးတင်မောင်ဝင်း လက်ခံစဉ်။

(သတင်းစဉ်)

နေရာဒေသအနှံ့ရှိ အမျိုးသမီးများ စာတတ်မြောက်ရေးအခွင့်အလမ်းများရရှိအောင် ကြိုးပမ်းဆောင်ရွက် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးပွားချမ်းသာခြင်းအတွက် စာတတ်မြောက်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက်

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် အမျိုးသမီးများစွမ်းရည်မြင့်မားရေးအတွက် စာတတ်မြောက်ခြင်းက အဓိကကျသည့်အခန်းကဏ္ဍကပါဝင်နေကြောင်း မီးမောင်းထိုးပြထားပါသည်။ စာတတ်မြောက်ခြင်းသည် အမျိုးသမီးများ၏ ဘဝလူနေမှုအဆင့်အတန်းကိုသာမက ၎င်းတို့၏ မိသားစု၊ ရပ်ရွာနှင့်လူ့အဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ စာတတ်မြောက်သည့် အမျိုးသမီးများအနေနှင့် ၎င်းတို့၏ ကလေးများ၊ အထူးသဖြင့် မိန်းကလေးများကို ကျောင်းသို့စေလွှတ်၍ ပညာသင်ယူစေမှုပိုများလာစေပါသည်။ အမျိုးသမီးများစာတတ်မြောက်ခြင်းဖြင့် မိမိကိုယ်မိမိ ပိုမိုယုံကြည်မှုရှိလာပြီး ၎င်းတို့နိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးနှင့်ယဉ်ကျေးမှုဘဝတွင်ပါ ပိုမိုတက်ကြွစွာပါဝင်ဆောင်ရွက်လာကြပါသည်။ အမျိုးသမီးများစာတတ်မြောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် ကြီးမားသောအကျိုးအမြတ်ကို ရရှိစေနိုင်ကြောင်း သက်သေသာဓကအထောက်အထားအားလုံးက ပြသလျက်ရှိပါသည်။

ဒါကာတွင်ကျင်းပခဲ့သည့် ကမ္ဘာ့ပညာရေးညီလာခံကြီး၌ ၂၀၁၅ ခုနှစ်တွင် သက်ကြီးစာမတတ်သူဦးရေကို တစ်ဝက်လျှော့ချနိုင်ရမည်ဟု အစိုးရများက ရည်ရွယ်ချက်ချမှတ်ခဲ့ပြီးနောက်ပိုင်း လွန်ခဲ့သည့်ဆယ်နှစ်ကျော်မှစ၍ နိုင်ငံရေးလုပ်ငန်းအစီအစဉ်တွင် အမျိုးသမီးများစာတတ်မြောက်ရေးသည် အားပေးမှုခံရသော လုပ်ငန်းတစ်ရပ်ဖြစ်လာပါသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိကို ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်အဖြစ် သတ်မှတ်ပြီး စာမတတ်သူ လျှော့ချရေးကို ပိုမိုတွန်းအားပေး ဆောင်ရွက်စေခဲ့ပါသည်။ စာမတတ်သူနှုန်းလျော့နည်းလာပြီဖြစ်သော်လည်း ခန့်မှန်းခြေအားဖြင့် လူကြီးခြောက်ယောက်တွင် တစ်ယောက်မှာ စာမတတ်သေးကြောင်းနှင့် စာမတတ်သူ သုံးယောက်တွင် နှစ်ယောက်မှာ အမျိုးသမီးများဖြစ်နေပါသည်။

အမျိုးသမီးများစွမ်းရည်မြင့်မားစေရေးနှင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့ရှိ မိန်းကလေးနှင့် ယောကျာ်းလေးများ လူငယ်မျိုးဆက်သစ် စာမတတ်သူများဖြစ်မလာစေရန် အရည်အသွေးမြင့် စာတတ်မြောက်ရေးအစီအစဉ်များအတွက် ရန်ပုံငွေတိုးမြင့်ရရှိရေးနှင့် ထောက်ခံအားပေးမှုရေရှည်တည်တံ့ခိုင်မြဲရေးကို ကမ္ဘာကလိုအပ်လျက်ရှိပါသည်။ ယနေ့ ယူနက်စကိုမှ နိုင်ငံတကာစာတတ်မြောက်ရေးဆုများချီးမြှင့်ခဲ့သည့် ကိတ်ဗာဒီ၊ အီဂျစ်၊ ဂျာမနီနှင့် နီပေါနိုင်ငံများတွင် ဆောင်ရွက်ခဲ့သော စာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်များသည် အလွန်ကောင်းမွန်ပြီး ဆန်းသစ်တီထွင်မှုရှိသော နမူနာများဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ်တစ်ခုစီသည် ကျေးလက်ပတ်ဝန်းကျင်မှသည် မြို့ပြလူ့အဖွဲ့အစည်းအထိ အခြေအနေလွန်စွာကွာခြားလှသည့် အမျိုးသမီးများ၏ လူနေမှုဘဝအပေါ်တွင် စာတတ်မြောက်ရေး၏ နက်နဲသိမ်မွေ့မှုနှင့် အပြုသဘောလွှမ်းမိုးမှုများကို လက်ဆုပ်လက်ကိုင်သက်သေပြနိုင်ကြပါသည်။ အဆိုပါလုပ်ငန်းအစီအစဉ်များကို နမူနာယူလုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ကျယ်ကျယ်ပြန့်ပြန့်ချဲ့ထွင်ဆောင်ရွက်ကြရန် ထိုက်တန်ပါသည်။

စာတတ်မြောက်သူအမျိုးသမီးတိုင်း ဆင်းရဲခြင်းမှလွတ်မြောက်နိုင်သည်။ ယခုနိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ကျွန်ုပ်အနေနှင့်အစိုးရများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို နေရာဒေသအနှံ့ရှိ အမျိုးသမီးများအနေဖြင့်စာတတ်မြောက်ရေးအခွင့်အလမ်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကြီးပွားချမ်းသာခြင်းအတွက် စာတတ်မြောက်ရေးသည် မရှိမဖြစ်လိုအပ်ချက် ဖြစ်ပါသည်။ စာတတ်မြောက်ရေးမှတစ်ဆင့် အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားစေခြင်းသည် ကျွန်ုပ်တို့အားလုံး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပါသည်။ ။

၂၁ ရာစု၏ ၁၀ နှစ်တာကာလတွင် ကမ္ဘာ့စာမတတ်သူ လူကြီးဦးရေ ၇၅၉ သန်းရှိသည့်အနက် သုံးယောက်တွင် နှစ်ယောက်မှာ အမျိုးသမီးများဖြစ်

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မစ္စစ်အီရီနာဘိုကိုဗာ၏ သဝဏ်လွှာ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၈ ရက်

အမျိုးသမီးတစ်ယောက်စာတတ်လျှင် သူ၏ဘဝသာယာရေးအတွက် သိသာထင်ရှားစွာ ပြောင်းလဲစေနိုင်မည့် ရွေးချယ်မှုများကို လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

သို့ရာတွင် ၂၁ ရာစု၏ ၁၀ နှစ်တာကာလတွင် ကမ္ဘာ့စာမတတ်သူလူကြီးဦးရေ ၇၅၉ သန်းရှိသည့်အနက် သုံးယောက်တွင် နှစ်ယောက်မှာ အမျိုးသမီးများဖြစ်နေပါသည်။ ဤသည်မှာ အစဉ်တည်ရှိနေသော တရားမျှတမှုမရှိခြင်းများအနက် တစ်ခုဖြစ်သည့် သည်းမခံနိုင်ဖွယ်အခြေအနေ၏ ရောင်ပြန်ဟပ်မှု တစ်ရပ်သာလျှင်ဖြစ်ပါသည်။ ပညာသင်ယူမှု အခွင့်အလမ်းမညီမျှမှုဖြစ်ပါသည်။

မိန်းကလေးများနှင့် အမျိုးသမီးများ၏ ပညာရေးကိုပိတ်ပင်ခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ၊ စီးပွားရေးရာ သို့မဟုတ် လူမှုရေးရာအရ ကျိုးကြောင်းပြချက်မရှိပါ။ ကမ္ဘာနှင့်အဝန်း သဘောတူညီပြီးဖြစ်သည့် ဖွံ့ဖြိုးမှုရည်မှန်းချက်များ လက်လှမ်းမီရန်အတွက် အခြေခံအခွင့်အရေးနှင့် ပကတိအနေအထားတစ်ခု ဖြစ်ပါသည်။

စာမတတ်ခြင်းသည် အမျိုးသမီးများကို ဘေးဖယ်ထားခြင်းဖြစ်စေပါသည်။ ထို့ပြင် အခြေခံလုပ်ပိုင်ခွင့်နှင့် အခွင့်အလမ်းများ အပြည့်အဝခံစားနိုင်ရန် အရေး၊ အဖတ်၊ အတွက် မရှိမဖြစ်လိုအပ်သော နည်းပညာအခြေပြုကမ္ဘာလောကကြီးတွင် အလွန်အမင်းဆင်းရဲမွဲတေမှုကို လျှော့ချရန်အတွက် စာမတတ်ခြင်းသည် အဓိကအားဖြင့် အဟန့်အတား ဖြစ်စေပါသည်။

ဤအကြောင်းပြချက်များအတွက် ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် အမျိုးသမီးများလုပ်ပိုင်ခွင့်အခွင့်အလမ်းကို ရရှိစေရန်ဖြစ်သည်။ စာတတ်မြောက်ခြင်းသည် အလွန်အမင်းအရေးပါသည်ဆိုသည့် ကဏ္ဍအပေါ်တွင် မီးမောင်းထိုးပြထားပါသည်။

စာတတ်မြောက်ခြင်းသည် အမျိုးသမီးများကို မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုနှင့် မိမိဘဝနှင့်အနာဂတ်ကို ထိန်းသိမ်းနိုင်မှုတို့ကို ပေးစွမ်းနိုင်ပါသည်။ ဆိုလိုသည်မှာ ဆုံးဖြတ်ချက်ချနိုင်ရန်အတွက် ဗဟုသုတရရှိလာခြင်း၊ အိမ်ထောင်စုအတွင်းနှင့် ပိုမိုကျယ်ပြန့်သောနိုင်ငံရေးလောကတွင် မိမိ၏ကိုယ်စွမ်းဉာဏ်စွမ်းကို မျှဝေပေးနိုင်ခြင်းစသည့် အခွင့်အလမ်းများ ရရှိလာနိုင်ပါသည်။ စာတတ်မြောက်လာသူ အမျိုးသမီးများအနေဖြင့် အသစ်ရရှိလာသော ဗဟုသုတ၊ ကျွမ်းကျင်မှုများသည် ၎င်းတို့အတွက် အရာရာကိုပေးစွမ်းနိုင်သည်ဆိုသော သက်သေပြချက်သာဓကများ ဖြစ်ပါသည်။

ယူနက်စကို၏ ပထမဆုံးအမျိုးသမီးညွှန်ကြားရေးမှူးချုပ်အဖြစ် ရွေးချယ်ခံရသူ ကျွန်မအနေဖြင့် နေရာအနှံ့ရှိမိန်းကလေးများနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို အထူးသဖြင့် ပညာရေးဖြင့် လမ်းဖွင့်ပေးမည်ဟု အလေးအနက်ကတိပေးအပ်ပါသည်။

အမျိုးသမီးများအနေဖြင့် တန်းတူညီမျှလုပ်ပိုင်ခွင့်နှင့် အခွင့်အလမ်းများ မရရှိလျှင် ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို မရနိုင်သည့်အတွက် ကျား မ တန်းတူညီမျှရေးသည် ကျွန်မတို့တစ်ကမ္ဘာလုံးဆိုင်ရာ ဦးစားပေးရမည့် နည်းဗျူဟာများအနက် တစ်ခုဖြစ်ပါသည်။ အမျိုးသမီးများ စာတတ်မြောက်ရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြင့်မားသောအကျိုးရလဒ်ကို ရရှိနိုင်ပါသည်။ အမျိုးသမီးများ စာတတ်မြောက်ခြင်းသည် အသက်မွေးဝမ်းကျောင်းမှုကို တိုးတက်မြင့်မားစေခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေးအတွက် ပိုမိုဦးစီးဆောင်ရွက်နိုင်ခြင်းနှင့် မိန်းကလေးများပညာရရှိမှု အခွင့်အလမ်းပိုမိုရရှိလာခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

အချုပ်အားဖြင့် စာတတ်မြောက်လာသော အမျိုးသမီးများသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အညွှန်းကိန်းအားလုံးအပေါ်တွင် အပြုသဘောဆောင်သည့် အကျိုးသက်ရောက်မှု အသီးအပွင့်များကို ရရှိလာမည်ဖြစ်ပါသည်။

ယခု နိုင်ငံတကာစာတတ်မြောက်ရေးနေ့သည် စာတတ်မြောက်ရေး (အထူးသဖြင့် မိန်းကလေးများနှင့် အမျိုးသမီးများ စာတတ်မြောက်ရေး)တွင် ပိုမိုအလေးထားပါဝင်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်လျက်ရှိသည့်အတွက် လူတိုင်း၏အာရုံစူးစိုက်မှုကို ဆော်ဩစည်းရုံးရန်ရည်ရွယ်ပါသည်။ ယူနက်စကို နိုင်ငံတကာ စာတတ်မြောက်ရေးဆုများသည် တစ်ဦးချင်းနှင့် ၎င်းတို့၏ ရပ်ရွာများအပေါ် ထိရောက်သည့် အကျိုးသက်ရောက်မှုကိုဖြစ်စေသည့် အစီအစဉ်များ၊ ဆောင်ရွက်ရန်စေ့ဆော်မှုများနှင့် ဆန်းသစ်တီထွင်မှုရှိသောနမူနာများကိုပေးသည်။ မည်သည့်လုပ်ငန်းများကို မည်သို့ကောင်းမွန်စွာဆောင်ရွက်သည်ကို ပြသသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်လွန်ပိုင်းမှစ၍ နိုင်ငံအများစု၌ ပညာရေးတွင် ကျား မ ကွာခြားမှုလျော့နည်းလာပြီဖြစ်သည်။ ထို့အတူ စာတတ်မြောက်ရေးတွင်လည်း ကျား မ ခွဲခြားမှုလျော့နည်းလာပါသည်။ သို့ရာတွင် နှေးကွေးလွန်းလှပါသည်။ ပိုမိုဆောင်ရွက်ရန်လိုပါသေးသည်။

ယခု အချိန်အခါသမယတွင် စာတတ်မြောက်ရေးအတွက် ထောက်ပံ့ပေးမှုများကို ပိုမိုချဲ့ထွင် ဆောင်ရွက်သွားကြပါရန် ကျွန်မအနေဖြင့် အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အများပြည်သူနှင့်ဆိုင်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများကို မေတ္တာရပ်ခံလိုပါသည်။ အမျိုးသမီးများ၏ စာတတ်မြောက်ရေးကို အဓိကထားပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ဟု ကျွန်မယုံကြည်ပါသည်။ လွန်ခဲ့သည့်လများက ကုလသမဂ္ဂအမျိုးသမီးများ၏ ဖန်တီးမှုဖြင့် ကျား မ တန်းတူညီမျှရေးအတွက် အရှိန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်မှုတစ်ခုကို ကျွန်မတို့ တွေ့မြင်ခဲ့ကြရပါသည်။

စာတတ်မြောက်ခြင်းသည် အမျိုးသမီးများကိုယင်းတို့၏ မိသားစုအတွင်းတွင် လည်းကောင်း၊ နိုင်ငံရေးလောကနှင့် ကမ္ဘာ့စင်မြင့်ပေါ်တွင် လည်းကောင်း ပြောရေးဆိုခွင့်ပေးပါသည်။ ဤသည်မှာ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ကျယ်ပြန့်သော ကြီးပွားချမ်းသာခြင်းအတွက် ပထမခြေလှမ်းဖြစ်ပါသည်။ အမျိုးသမီးများစာတတ်လာလျှင် လူ့အဖွဲ့အစည်းအနေနှင့် ပြီးပြည့်စုံသော အကျိုးအမြတ်များ ရရှိလာမည်ဖြစ်ပါသည်။

အီရီနာဘိုကိုဗာ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)
[၁၃၇၂ ခုနှစ်၊ ဝါခေါင်လကွယ်၊ ဥပုသ်နေ့]

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၁၅ ၈။ "ရှင်နှောင်းကျောင်းရောက်ပြီ"
၈:၃၀ ၉။ သီချင်းကြိုးပဒေသာ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ Islands of Dhamma (1)
၈:၅၀ ၁၂။ ဘဒ္ဒန္တဓမ္မာနန္ဒ (အဂ္ဂမဟာပဏ္ဍိတ)၊ ဒုတိယ ဥက္ကဋ္ဌ ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ စစ်ကိုင်းစာသင်တိုက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှု အစီအစဉ် (ဇွဲကပင်ယူနိုက်တက် F.C နှင့် မနောမြေ F.C)
၄:၄၀ ၂။ တေးဂီတအစီအစဉ်
၄:၅၅ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၃) အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက-၄၊တာမွေ) (အမျိုးသမီးဝတ်ရွတ် အဖွဲ့)
၅:၂၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၅။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၀ ၆။ "လေးကျွန်းမာရ်အောင်စေတီတော်ကြီး"
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၁၅ ၈။ မိုးလေဝသအခြေအနေ
၆:၂၀ ၉။ မြန်မာ့ဓလေ့ ရိုးရာလက်ဆောင်
၆:၄၀ ၁၀။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၁၅ ၁၁။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇:၄၅ ၁၂။ အလင်္ကာဝတ်ရည်မြန်မာမှုတေးဂီတအဖွဲ့ဖျော်ဖြေခန်း
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ ငါတို့ခွန်အား (မျိုးကြီး၊ တေးရေး-လင်းလင်း)
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၇၅)**
၁၈။ ၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "တော်ဝင်ရုပ်စုံ" (ပထမဆု) (ရန်ကုန်တိုင်းဒေသကြီး)
၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၀။ အစီအစဉ်ပြီး၏။

ဩဂုတ် ၂၀ ရက်က ဂန့်ဂေါမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်အတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

အသေခံဗုံးခွဲမှုများ လုပ်ဆောင်မည်ဟု ပါကစ္စတန်တာလီဘန် ခြိမ်းခြောက်

မီရန်ရှား စက်တင်ဘာ ၇

ပါကစ္စတန် အစိုးရရုံးများနှင့် လုံခြုံရေးတပ်ဖွဲ့များကို ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ပါကစ္စတန်တာလီဘန် အကြမ်းဖက်အဖွဲ့က ပါကစ္စတန်အစိုးရကို စက်တင်ဘာ ၇ ရက်က ခြိမ်းခြောက်ခဲ့သည်။

အယ်လ်ခိုင်ဒါနှင့် ဆက်နွယ်သော အဆိုပါ အကြမ်းဖက်အုပ်စု၏ လက်ချက်ကြောင့် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ပါကစ္စတန်နိုင်ငံသား ၁၂၀ ကျော်သေဆုံးခဲ့ရသည်။ နောက်ဆုံးဖြစ်ပွားခဲ့သော လူ ၁၉ ဦးသေဆုံးခဲ့ရသည့် လက်ကီမာဝပ်မြို့ ဗုံးပေါက်ကွဲမှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ပါကစ္စတန်တာလီဘန်အကြမ်းဖက်အုပ်စုက ပြောကြားသည်။ **(အပေါ်ပုံ)**

တုံ့ပြန်မည်ဟုဆို

ပါကစ္စတန် လူမျိုးစုဒေသများ၌ ခိုအောင်းနေသော ပါကစ္စတန်တာလီဘန်အဖွဲ့ဝင်များကို အမေရိကန်နိုင်ငံက မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်နေခြင်းကို ပြန်လည်တုံ့ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါ အကြမ်းဖက်အုပ်စုက ပြောကြားသည်။

အမေရိကန်နိုင်ငံက မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှုကို ပါကစ္စတန်အစိုးရက ခွင့်ပြုလက်ခံနေခြင်းကြောင့် ပါကစ္စတန်တာလီဘန်အကြမ်းဖက်အုပ်စုသည် အစိုးရလုံခြုံရေးတပ်ဖွဲ့များနှင့် အစိုးရရုံးများကို အသေခံဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ယင်းအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျူးအခြေစိုက် အိမ်ရာအငြင်းပွားမှု အမေရိကန်ကြားဝင်ရန် ပါလက်စတိုင်းတောင်းဆို

ရာမာလာ စက်တင်ဘာ ၇၊ ။အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပျက်စီးစေနိုင်မည့် အစ္စရေးအခြေစိုက် အိမ်ရာတည်ဆောက်မှုပြဿနာကို အမေရိကန်နိုင်ငံက ကြားဝင်ဖြေရှင်းပေးရန် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က တောင်းဆိုခဲ့ကြောင်း စက်တင်ဘာ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပါလက်စတိုင်း အနောက်ဘက်ကမ်းဒေသ၌ တည်ဆောက်နေသော အစ္စရေးအခြေစိုက် အိမ်ရာစီမံကိန်းကို ၁၀ လ ရပ်ဆိုင်းထားခဲ့ရာ စက်တင်ဘာ ၂၆ ရက်တွင် ရပ်နားမှု သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

ကာလထပ်မတိုး

အခြေစိုက် အိမ်ရာစီမံကိန်းရပ်နားမှုကို ဆက်လက်သက်တမ်းမတိုးပါက အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်မည်မဟုတ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောကြားခဲ့သော်လည်း အစ္စရေးတာဝန်ရှိသူများက အခြေစိုက်အိမ်ရာတည်ဆောက်ရေး ရပ်ဆိုင်းမှုကို ကာလထပ်တိုးမည် မဟုတ်ကြောင်း ပြောကြားသည်။

ယင်းအတွက်ကြောင့် ဂျူးအခြေစိုက်အိမ်ရာပြဿနာနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ကြားဝင်စေ့စပ်ပေးရန် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အေပီ။

အီရန်၏ နျူကလီးယားအစီအစဉ် စစ်ရေးအတွက် ရည်ရွယ်ခြင်းမရှိ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အစီရင်ခံစာတွင်ဖော်ပြထား

ဗီယင်နာ စက်တင်ဘာ ၇

အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ အဆောက်အအုံပစ္စည်းပစ္စယများသည် ငြိမ်းချမ်းစွာ အသုံးပြုရေးကို ရည်ရွယ်သည့်အထောက်အထားများတွေ့ရှိရကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)၏ နောက်ဆုံး အစီရင်ခံစာ၌ ဖော်ပြထားကြောင်း အီရန်သံတမန်တစ်ဦးက ယမန်နေ့ကပြောကြားသည်။

ခုနစ်နှစ်ကြာ စဉ်ဆက်မပြတ် စစ်ဆေးမှုများပြုပြီးနောက် အီရန်၏နျူကလီးယားအစီအစဉ်များသည် စစ်ရေးနှင့်တားဆီးပိတ်ပင်ထားသည့် ကိစ္စများအတွက် ရည်ရွယ်ချက်မရှိကြောင်းကို အစီရင်ခံစာကထပ်မံအတည်ပြုနိုင်ခဲ့ကြောင်း အိုင်အေအီးအေဆိုင်ရာ အီရန်သံအမတ်ကြီး အလီအက်စ်ဂါဆိုလ်တန်နီယာက ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များသည် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် အလုံးစုံအောင်မြင်မှုများရရှိနေသည်ကို အိုင်အေအီးအေ၏ အစီရင်ခံစာက ထင်ဟပ်ပြသနေကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

အဆိုပါအစီရင်ခံစာသည် လာမည့်ရက်သတ္တပတ်တွင် ကျင်းပမည့် အိုင်အေအီးအေအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်တင်ပြခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖရိက၏ ပြည်တွင်းစစ်များ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်မှုမရှိ

နယူးယောက် စက်တင်ဘာ ၇

အာဖရိကတိုက်၌ ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်များ၏ နောက်ခံအကြောင်းတရားသည် ရာသီဥတုပြောင်းလဲမှု မဟုတ်ကြောင်း အမေရိကန်နိုင်ငံ အမျိုးသားသိပ္ပံအကယ်ဒမီ၏ လေ့လာချက်တွင် ဖော်ပြထားသည်ဟု စက်တင်ဘာ ၇ ရက်တွင် ဖော်ပြသည်။

ယင်းလေ့လာချက်အစီရင်ခံစာ၏ ဖော်ပြချက်သည် ယခင်အနုမာနမှန်းဆချက်များဖြစ်သော မိုးခေါင်ခြင်း၊ အပူလှိုင်းကာလကြာရှည်စွာကျရောက်ခြင်းကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာပြဿနာများသည် အာဖရိကပြည်တွင်းစစ်များ၏ အကြောင်းရင်းဖြစ်သည်ဟူသောအချက်နှင့် ဗီလာပြုနေကြောင်း သတင်းတွင်ဖော်ပြသည်။

အာဖရိကနိုင်ငံများ၌ ဖြစ်ပွားနေသော ပြည်တွင်းစစ်များ၏ အဓိကနောက်ခံအကြောင်းတရားများတွင် ဆင်းရဲမွဲတေမှုနှင့် လူမှုရေးပဋိပက္ခများ ပါဝင်နေကြောင်း အဆိုပါလေ့လာချက်တွင် ဖော်ပြထားသည်။

အာဖရိကတိုက်၌ ဖြစ်ပွားနေသော ပြည်တွင်းစစ်များနှင့် ဖြစ်ပွားရာနိုင်ငံများ၏ စီးပွားရေးအနိမ့်အမြင့် မညီမျှမှု၊ လူမျိုးစုပဋိပက္ခနှင့် သမိုင်းတစ်လျှောက်တည်ရှိခဲ့သည့် နိုင်ငံရေးနှင့် စီးပွားရေးမတည်ငြိမ်မှုများအကြား အပြန်အလှန်ဆက်စပ်မှုရှိကြောင်း အစီရင်ခံစာတွင် ဆိုထားသည်။ ***အင်တာနက်။***

အာဖဂန်မြောက်ပိုင်း၌ ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦး ပစ်သတ်ခံရ

ကဘူး စက်တင်ဘာ ၇

အာဖဂန်နစ္စတန်မြောက်ပိုင်း ဘဂ္ဂလန်ပြည်နယ်တွင် အစိုးရဆန့်ကျင်ရေး စစ်သွေးကြွများက ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တနင်္လာနေ့ မွန်းလွဲပိုင်းက နာရင်းခရိုင် အုပ်ချုပ်ရေးမှူးသည် ၎င်း၏အိမ်သို့အသွား စစ်သွေးကြွများက ကားကိုသေနတ်ဖြင့် ပစ်ခတ်ခဲ့သောကြောင့် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ၎င်း၏ ယာဉ်မောင်းတို့ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

တာလီဘန် ပြောရေးဆိုခွင့်ရှိသူကလည်း မီဒီယာများသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်၍ စစ်သွေးကြွများက အစိုးရအရာရှိတစ်ဦးကို ဂျာ-အီ-ကုရှ်ဒေသ၌ တနင်္လာနေ့ မွန်းလွဲပိုင်းတွင် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်ပြည်သူများ တေးဂီတ နားမထောင်စေရန် တာလီဘန်များ ပိတ်ပင်နေ

ကဘူး စက်တင်ဘာ ၇

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် အမေရိကန်နှင့် အာဖဂန်အစိုးရတပ်ဖွဲ့များက တာလီဘန်များကို နှိမ်နင်းနေစဉ် နိုင်ငံမြောက်ပိုင်းဒေသများတွင် တာလီဘန်များက အာဖဂန်ပြည်သူများကို ၎င်းတို့၏စည်းမျဉ်းများအတွင်း အတင်းသွတ်သွင်းလျက်ရှိကြောင်း စက်တင်ဘာ ၆ ရက်သတင်းများတွင် ဖော်ပြသည်။

ကဘူးမြို့တောင်ဘက် လိုဂါပြည်နယ်ဒေသအချို့တွင် တာလီဘန်စစ်သွေးကြွများက ဒေသခံများကို ရုပ်မြင်သံကြား ကြည့်ရှုခြင်းမပြုရန် သတိပေးထားကြောင်း သတင်းတွင်ဖော်ပြထားသည်။

အာဖဂန်အရှေ့ပိုင်းရှိ ဂျာလာလာဘတ်မြို့တွင် တာလီဘန်များက တေးဂီတဆိုင်ရာပစ္စည်းပစ္စယများ ရောင်းချသောဆိုင်များကို ဖျက်ဆီးရန် ကြံစည်အားထုတ်နေကြောင်း သိရသည်။ ပြီးခဲ့သည့်ရက်သတ္တပတ် အနည်းငယ်က ဂျာလာလာဘတ်မြို့ရှိ တေးဂီတပစ္စည်းများရောင်းချသောဆိုင်တစ်ဆိုင်ကို တာလီဘန်များက ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

တာလီဘန်များ အုပ်စိုးစဉ်ကာလက အာဖဂန်နစ္စတန်တွင် တေးဂီတနားထောင်မှုကို ပိတ်ပင်ထားသည်။ ရေဒီယို၊ ကက်ဆက် စသည်တို့ကို ရှာဖွေတွေ့ရှိပါက လက်ဝယ်ထားရှိသူကို ရိုက်နှက်အပြစ်ပေးပြီး တိပ်ခွေများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ***အင်တာနက်။***

အသံထက်မြန်ဒုံးကျည်

စက်တင်ဘာ ၅ ရက်က အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့သော အိန္ဒိယနိုင်ငံ၏ မြေပြင်မှ မြေပြင်ပစ် ဘရာမို့စ်အမျိုးအစား အသံထက်မြန်ခရုဇ်ဒုံးကျည်။ *[ယင်းဒုံးကျည်ကို အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံအရှေ့ပိုင်း သြရိသပြည်နယ်အနောက်မြောက်ဘက်တွင် ရွေ့လျားဒုံးပစ်စင်မှ ပစ်ခတ်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ အသံထက်သုံးဆ ပိုမိုမြန်ဆန်ပြီး သမားရိုးကျထိပ်ဖူးများ တပ်ဆင်ပစ်လွှတ်နိုင်သည်။]*



လူ ၆၀၀ ကျော် သေဆုံးခဲ့ရသော ၂၀၀၆ ခုနှစ် အီသီယိုးပီးယား ရေလွှမ်းမိုးမှုမှ မြင်ကွင်း။

အီသီယိုးပီးယား၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်း၍ လူထောင်ပေါင်းများစွာ ပြောင်းရွှေ့ရ

အဒစ္စအဘာဘာ စက်တင်ဘာ ၇

အီသီယိုးပီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ရက်အတန်ကြာ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးခဲ့ရာ ကောက်ပဲသီးနှံများ ပျက်စီးခဲ့ကာ လူ ၁၆၀၀၀ကို အိုးအိမ်များပြောင်းရွှေ့ပေးခဲ့ရကြောင်း စက်တင်ဘာ ၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

အီသီယိုးပီးယားနိုင်ငံ အက်ဖာဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ကောက်ပဲသီးနှံနှင့် အိုးအိမ်များပျက်စီးခဲ့ပြီး လမ်းများရေလွှမ်းကာ တံတားများလည်း ရေစီးတွင် မျောပါသွားခဲ့ကြောင်း လူမှုဒုက္ခကူညီရေးညှိနှိုင်းမှုအဖွဲ့က စက်တင်ဘာ ၆ ရက်တွင် ပြောကြားသည်။ ဒေသအနှံ့အပြား၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ရေဘေးဒဏ်ခံရ သူပေါင်းမှာ စက်တင်ဘာလအတွင်း ၃၀၀၀၀၀ခန့်ရှိမည်ဟု လူမှုဒုက္ခကူညီရေး ညှိနှိုင်းမှုအဖွဲ့က ပြောကြားသည်။

လိုဂီယာမြစ်နှင့် တန်ဒါဟိုဆည်များရေလျှံတက်ခဲ့သဖြင့် အက်ဖာဒေသ၌ ရေလွှမ်းခဲ့ရာ ပြည်သူ ၁၅၆၀၀ ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်ဟု အဆိုပါအဖွဲ့က ဆိုသည်။ အီသီယိုးပီးယားနိုင်ငံ၌ ရေလွှမ်းမှုပုံမှန်ဖြစ်ပေါ်နေသဖြင့် နေရာဒေသ အများအပြား၌ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ၂၀၀၆ခုနှစ်တွင် ရေလွှမ်းမိုးမှုကြောင့် လူ ၆၀၀ကျော် သေဆုံးခဲ့ပြီး ၃၀၀၀၀၀ ခန့် ရေဘေးဒဏ် ခံစားခဲ့ရသည်။ ***ဆင်ဟွာ။***

ဆင်စွယ်သယ်ယူသူ သုံးဦး ကွန်ဂိုတွင် ဖမ်းဆီး

ကင်ရှာဆာ(ကွန်ဂို) စက်တင်ဘာ ၇

ကွန်ဂိုနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဆင်စွယ်များကို လက်ဆွဲသေတ္တာ ခြောက်လုံးတွင် အပြည့်ထည့်၍ သယ်ဆောင်လာသော အမျိုးသားသုံးဦးအား ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၇ ရက်တွင် ပြောကြားသည်။

လူမန်ဘာရှီ လေဆိပ်တွင် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့ ထွက်ခွာမည့် တရုတ်နိုင်ငံသားသုံးဦးကို ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့က ရှေးဟောင်းပစ္စည်းရောင်းဝယ်သူထံမှ ယင်းဆင်စွယ်များကို ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ရှင်းပြကြောင်း မှောင်ခိုရောင်းဝယ်မှု တိုက်ဖျက်ရေးအဖွဲ့ အကြီးအကဲက ပြောကြားသည်။

မကြာသေးမီ နှစ်များအတွင်း၌ အာဖရိက အရှေ့ပိုင်းနှင့် အလယ်ပိုင်းတွင် ဆင်များကို တရားမဝင် ဖမ်းဆီးသတ်ဖြတ်ခြင်းမှာ အရှိန်အဟုန်ကောင်းလာခဲ့ပြီး ဆင်စွယ်အများစုကို အာရှတိုက်သို့ တင်ပို့ရောင်းချကြသည်။

ဩဂုတ်လအတွင်းကလည်း နိုင်ငံ၏ အရှေ့မြောက်ပိုင်း၌ ဆင်စွယ် ၁၁၆ ချောင်းနှင့်အတူ ကွန်ဂိုနိုင်ငံသား နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ကွန်ဂိုနိုင်ငံအတွင်း ပြည်တွင်းစစ်ဖြစ်ပွားခြင်းကို ရှားပါးသားရဲတိရစ္ဆာန်များအား သတ်ဖြတ်၍ စီးပွားရှာနေကြသူများက အခွင့်အရေးယူခဲ့ကြသည်။ ***အေပီ။***

အရှေ့တရုတ်ပင်လယ် အငြင်းပွားရေပြင်အတွင်း တရုတ်ငါးဖမ်းသင်္ဘောနှင့် ဂျပန်ကမ်းခြေစောင့် သင်္ဘောတို့ တိုက်မိ

တိုကျို စက်တင်ဘာ ၇

တရုတ်ငါးဖမ်းသင်္ဘော တစ်စင်းနှင့် ဂျပန်ကမ်းခြေစောင့် သင်္ဘောနှစ်စင်းတို့ အရှေ့တရုတ်ပင်လယ်ရှိ နှစ်နိုင်ငံပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကျွန်းဆက်အနီးတွင် စက်တင်ဘာ ၇ ရက်က ဝင်တိုက်ခဲ့ကြကြောင်း သတင်းများတွင် ဖော်ပြသည်။

အဆိုပါရေကြောင်း မတော်တဆမှုသည် ဂျပန်ကင်းလှည့်သင်္ဘောများက အငြင်းပွားရေပြင်ပိုင်နက်အတွင်းရှိ တရုတ်ငါးဖမ်းသင်္ဘောကို ယင်းရေပြင်အတွင်းမှ ပြန်လည်ထွက်ခွာရန် သတိပေးခြင်းမှ အစပျိုး ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တရုတ် ငါးဖမ်းသင်္ဘော၏ ဦးပိုင်းနှင့် ဂျပန်ကမ်းခြေစောင့် သင်္ဘော၏ ပဲ့ပိုင်းတို့ တိုက်မိခဲ့ပြီးနောက် မိနစ် ၄၀ ခန့်အကြာတွင် အခြား ဂျပန်ကမ်းခြေစောင့်သင်္ဘောနှင့် ထပ်မံတိုက်မိခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းနောက် တရုတ်ငါးဖမ်းသင်္ဘောကို ရပ်တန့်စေပြီး ဂျပန်ကမ်းခြေစောင့် တပ်ဖွဲ့ဝင် ၂၀ ကျော်တို့က သင်္ဘောပေါ်သို့ တက်ရောက်ပြီး တရုတ်သင်္ဘောသားများကို ငါးဖမ်းဆီးမှုဆိုင်ရာ ဥပဒေများ ချိုးဖောက်ခြင်း ရှိ၊ မရှိ စစ်ဆေးမေးမြန်းခဲ့ကြောင်း သိရသည်။

တရုတ်ငါးဖမ်းသင်္ဘောနှင့် ဂျပန်ကမ်းခြေစောင့်သင်္ဘောများ ဝင်တိုက်မှုဖြစ်စဉ်တွင် ဒဏ်ရာရရှိသူနှင့် သင်္ဘောနစ်မြုပ်ခြင်းများမရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံက စိုးရိမ်မကင်းဖြစ်မိကြောင်း ဖော်ပြခဲ့ပြီး ဂျပန်နိုင်ငံကို ကန့်ကွက်ခဲ့သည်။ အလားတူ ဂျပန်နိုင်ငံကလည်း တရုတ်သံတမန် တစ်ဦးကို ဆင့်ခေါ်ကာ အဆိုပါ ရေကြောင်းမတော်တဆမှုနှင့် ပတ်သက်၍ ကန့်ကွက်ခဲ့ကြောင်း သိရသည်။ ***အေအက်ဖ်ပီ။***

လိုရင်း တိုရှင်း ကမ္ဘာ့ သတင်းများ

စက်တင်ဘာ ၇ ၊ ၂၀၁၀

အာရှ-ပစိဖိတ်

ဗြိတိသျှတစ်ဦးဖိလစ်ပိုင်၌ဓားပြတိုက်သတ်ဖြတ်ခံရ

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း နီဂရော့စ်အော့စီဒင်တယ်ပြည်နယ် စီပါလေးမြို့တွင် အသက် (၆၄)နှစ်အရွယ် ဗြိတိသျှနိုင်ငံသား စီးပွားရေးသမားတစ်ဦးဖြစ်သူ အန်ထော်နီ နီကိုလပ်စ်သည် ၎င်း၏ ဖိလစ်ပိုင်သူဇနီးနှင့်အတူ မော်တော်ဆိုင်ကယ်စီး၍ အိမ်သို့ပြန်လာစဉ် ဒေသစံတော်ချိန် ည ၇ နာရီခန့်တွင် သေနတ်ကိုင်လူနှစ်ဦးက ဓားပြတိုက်လုယက်ပြီး ပစ်ခတ်ခဲ့သောကြောင့် ဆေးရုံတွင် သေဆုံးခဲ့သည်။

အမေရိက

ဟွန်ဒူးရပ်စ်သမ္မတလေယာဉ်အရေးပေါ်ဆင်းသက်ရ

ဟွန်ဒူးရပ်စ်သမ္မတ လေယာဉ်သည် စက်ချွတ်ယွင်းမှုကြောင့် အမေရိကန်နိုင်ငံအတွင်းရှိ စစ်အခြေစိုက်စခန်းတစ်ခုသို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်းနှင့် ဒဏ်ရာရရှိသူမရှိကြောင်း ဟွန်ဒူးရပ်စ်သမ္မတ ပေါ်ဖီရီယိုလိုဘို၏ ကိုယ်ရေးအရာရှိက ပြောကြားသည်။

ဥရောပ

စပိန်တွင် ရထားနှင့် မြေသယ်ယာဉ်တိုက်

စပိန်နိုင်ငံအနောက်တောင်ပိုင်းတွင် ခရီးသည်တင်ရထားတစ်စင်းက မြေသယ်ယာဉ်တစ်စီးကို ဝင်တိုက်ခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အရှေ့အလယ်ပိုင်း

ဂျော်ဒန်ဘုရင် ဆီးရီးယားသို့ ရောက်ရှိ

ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ-၂သည် ဆီးရီးယား သမ္မတဘတ်ရှာအယ်လ်အဆက်ဒ်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများအထူးသဖြင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးရန် ဒမတ်စကတ်မြို့သို့ ရောက်ရှိလာသည်။ ဂျော်ဒန်ဘုရင် အဗ္ဗဒူလာသည် ၎င်း၏ အမေရိကန်ခရီးစဉ်အတွင်း အမေရိကန်အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများကို ဆီးရီးယားသမ္မတနှင့် ထပ်မံဆွေးနွေးမည်ဖြစ်သည်။

တောင်အာရှ

ရဲတပ်ဖွဲ့အိမ်ရာကို ပုံးခွဲတိုက်ခိုက်

ပါကစ္စတန်အနောက်မြောက်ပိုင်း ခိုင်ဘာပက်ခ်ရှုံတွန်ခွာပြည်နယ် ကိုဟက်မြို့ရှိ ရဲတပ်ဖွဲ့အိမ်ရာတစ်ခုကို အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် အင်္ဂါနေ့ညပိုင်းက ဖြစ်ပွားရာ အနည်းဆုံးလူခြောက်ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိသွားကြောင်း၊ အများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အာဖရိက

ဇူးလူး-အင်္ဂလိပ် အဘိဓာန်စာအုပ်ထွက်

ဇူးလူး-အင်္ဂလိပ် အဘိဓာန်စာအုပ်ကို အောက်စဖို့ဒ်တက္ကသိုလ် ပုံနှိပ်တိုက်က ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သိရသည်။ ဇူးလူးဘာသာစကားသည် တောင်အာဖရိကနိုင်ငံအတွင်း လူသုံး အများဆုံး ဘာသာစကားများထဲတွင် တစ်မျိုးအပါအဝင်ဖြစ်သည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ခန့်က ဇူးလူးဘာသာနှင့် ပတ်သက်သော အဘိဓာန်စာအုပ်တစ်အုပ် ထုတ်ဝေပြီးနောက်ပိုင်း ပထမဆုံး ထွက်လာသည့် အဘိဓာန်ဖြစ်သည်။

တောင်ကိုရီးယားငါးဖမ်းသင်္ဘောနှင့် သင်္ဘောသားများကို မြောက်ကိုရီးယား ပြန်လွှတ်ပေး

ဆိုးလ် စက်တင်ဘာ ၇

လွန်ခဲ့သည့်လက ဖမ်းဆီးထားသော တောင်ကိုရီးယား ငါးဖမ်းသင်္ဘောမှ သင်္ဘောသားများကို မြောက်ကိုရီးယားက အင်္ဂါနေ့တွင် ပြန်လွှတ်ပေးခဲ့သည်။

ယင်းကဲ့သို့ ပြန်လွှတ်ပေးခဲ့ခြင်းသည် စစ်သင်္ဘောနစ်မြုပ်မှု ပြဿနာဖြစ်ပေါ်ပြီးနောက်ပိုင်း ဆိုးရွားခဲ့သော နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားအကြား ဆွေးနွေးနေဖွယ်ရှိသည့် လက္ခဏာဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ရေဘေးကြုံခဲ့ရသည့် မြောက်ကိုရီးယားက တောင်ကိုရီးယား၏ အကူအညီများကို တောင်းခံသည့်အတွက် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာသည့် သဘောလက္ခဏာလည်းဖြစ်သည်။

ဩဂုတ် ၈ ရက်က အရှေ့ဘက်ကမ်းခြေအလွန်တွင် တောင်ကိုရီးယားနိုင်ငံသားလေးဦးနှင့် တရုတ်နိုင်ငံသားသုံးဦးပါဝင်သော တောင်ကိုရီးယားငါးဖမ်းသင်္ဘောတစ်စင်းကို မြောက်ကိုရီးယားက ဖမ်းဆီးခဲ့သည်။

ယင်းငါးဖမ်းသင်္ဘောသည် ၎င်းတို့၏ သီးသန့်စီးပွားရေးဇုန်အတွင်း၌ တရားမဝင် ငါးခိုးဖမ်းသည်ဟု မြောက်ကိုရီးယားက စွပ်စွဲသည်။ သို့သော် တနင်္လာနေ့က ယင်းသင်္ဘောမှ သင်္ဘောသားများကို လူသားချင်း စာနာထောက်ထားသောအားဖြင့် ပြန်လွှတ်ပေးမည်ဟု မြောက်ကိုရီးယားက ကြေညာခဲ့သည်။

မြောက်ကိုရီးယားအာဏာပိုင်များသည် ၎င်းသင်္ဘောသားများနှင့် ၎င်းတို့၏ ငါးဖမ်းသင်္ဘောကို တောင်ကိုရီးယားတာဝန်ရှိသူများထံသို့ အရှေ့ဘက်ရေပြင်နယ်နိမိတ်၌ အင်္ဂါနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ကမ်းခြေစောင့်တပ်မှ အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။ ***အေပီ။***



ဘီးတပ်ကုလားထိုင်ဖြင့် နောက်ကျွမ်းနှစ်ပတ်ထိုးနိုင်သည့် ပထမဆုံး လူသား

အမေရိကန်ပြည်ထောင်စု ပင်ဆီဗေးနီးယားပြည်နယ် ဝုဒ်ဝေ့ဒ်မြို့မှ အသက် (၁၈)နှစ်အရွယ်ရှိ အောက်ပိုင်းမသန်စွမ်းသူ အေရွန်ဖိုသာရင်ဂမ်သည် ဘီးတပ်ကုလားထိုင်ဖြင့် နှစ်ပတ်ကျွမ်းထိုးနိုင်ရန် လပေါင်းများစွာ ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ပြီးနောက် ဩဂုတ် ၂၆ ရက်တွင် ကမ္ဘာပေါ်တွင် ဘီးတပ်ကုလားထိုင်ဖြင့် နောက်ပြန်နှစ်ပတ်ကျွမ်း ထိုးနိုင်သည့် ပထမဆုံး လူသားဖြစ်လာခဲ့သည်။ **(ဓါတ်ပုံ)**

အေရွန်သည် ၎င်းအသက် (၁၄)နှစ်အရွယ် ၂၀၀၆ ခုနှစ်တွင် ဘီးတပ်ကုလားထိုင်ဖြင့် နောက်ပြန်တစ်ပတ်ကျွမ်း စတင်ထိုးနိုင်ခဲ့သည်။ ***အင်တာနက်။***

ရပ်ရွာပညာပဒေသာဌာနများ တည်ထောင်ဖွင့်လှစ်ခြင်း

ကိုရင်လူ

အာရှဒေသဆိုင်ရာယူနက်စကိုအဖွဲ့၏အဓိပ္ပာယ်သတ်မှတ်ချက်အရ ရပ်ရွာပညာပဒေသာဌာနသည် ကျောင်းပညာရေးစနစ်၏ အပြင်ဘက်တွင် ဒေသခံပြည်သူများ ကိုယ်တိုင်စီမံအုပ်ချုပ်သည့်ပညာသင်ဌာနဖြစ်သည်။ ဒေသဖွံ့ဖြိုးရေးနှင့် အိမ်ထောင်စုအခြေပြု သင်ယူခြင်းရင်းမြစ်ဌာနအဖြစ်လည်းကောင်း၊ ဒေသအလိုက် စဉ်ဆက်မပြတ် သင်ယူနေသည့် လူ့အဖွဲ့အစည်းငယ်များဖြစ်ထွန်းလာစေရန်သတင်းအချက်အလက်များဖြန့်ဖြူးရန်အတွက်ရင်းမြစ်ဌာနအဖြစ်လည်းကောင်း တာဝန်ယူအကောင်အထည် ဖော်ရမည့် ကျေးလက်ဌာနတစ်ခုဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ပါသည်။

အာရှပစိဖိတ်ဒေသဆိုင်ရာအားလုံးအတွက်ပညာရေးအစီအစဉ်၏ စဉ်ဆက်ပညာရေးဝန်ထမ်းများအတွက် သင်တန်းစာစောင်တွင် ရပ်ရွာပညာပဒေသာဌာန၏ အဓိပ္ပာယ်သတ်မှတ်ချက်မှာ'**ရပ်ရွာပညာပဒေသာဌာနသည် ပညာရေးစနစ် ပြင်ပတွင် ပညာဖြန့်ဖြူးရာအဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်ကွက်၊ ကျေးရွာ၊ နယ်မြေများအတွင်း တည်ရှိနေသောအဖွဲ့အစည်း**'တစ်ခုဖြစ်သည်။ယင်းရပ်ရွာပညာပဒေသာဌာနသည် ကျေးရွာများအတွက်သို့မဟုတ် မြို့ပေါ်ရပ်ကွက်များအတွက်လည်း ဖြစ်နိုင်ပါသည်။ ယင်းအဖွဲ့အစည်းကို ဒေသခံများကိုယ်တိုင် တည်ထောင်ပြီး စီမံခန့်ခွဲမှုပြုသည်။ လူထုဖွံ့ဖြိုးရေးနှင့် လူသားတို့၏ ဘဝအရည်အသွေး တိုးမြင့်လာစေနိုင်သည့် သင်ယူမှု အခွင့်အလမ်းများရရှိအောင် ပြုလုပ်ပေးသည့် ဌာနများဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

မြန်မာနိုင်ငံတွင် ရပ်ရွာပညာပဒေသာဌာနဆိုသည်မှာ ရပ်ရွာသားအားလုံးအတွက် ရပ်ရွာသားများကပင် တည်ထောင်ဖွင့်လှစ် စီမံဆောင်ရွက်ထားပြီး အဆင့်အတန်းမရွေး၊ အသက်အရွယ်မရွေး၊ ကျား-မ မရွေး၊ အချိန်ကာလမရွေး မည်သူမဆို မိမိလိုချင်သော အသိပညာနှင့် ကျွမ်းကျင်မှုများ အမျိုးမျိုးကို အလွယ်တကူသင်ယူခွင့်ရနိုင်သည့် နေရာဌာနဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

ရပ်ရွာပညာပဒေသာဌာနများ၏ ရည်ရွယ်ချက်များမှာ-

(၁) **ရပ်ရွာသားအားလုံး သင်ယူမှုအခွင့်အလမ်း ရရှိစေရန်၊**

(၂) **ရပ်ရွာသားတို့အား အထောက်အကူပြုမည့် လိုအပ်သော သတင်းအချက်အလက်များ ရယူနိုင်စေရန်၊**

(၃) **လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရန်၊**

(၄) **ဖွံ့ဖြိုးမှုအတွက် အထောက်အပံ့ပြုနိုင်သည့် အဖွဲ့အစည်းဌာနများနှင့် ရပ်ရွာသားများ ပူးပေါင်းဆောင်ရွက်မှုရရှိစေရန်**

တို့ဖြစ်ကြပါသည်။ရပ်ရွာပညာပဒေသာဌာနများထူထောင်ရေးအတွက် ကျေးရွာများရွေးချယ်ရာတွင် အောက်ပါအချက်များကို စံအဖြစ် သတ်မှတ်ရွေးချယ်သင့်ပါသည်-

- ရပ်ရွာပညာပဒေသာဌာန လုပ်ငန်းများအတွက် ပံ့ပိုးမှုနှင့် ရေရှည်တည်တံ့နိုင်ရန် ကျေးရွာလူထုကလက်ခံနိုင်မှု၊
- ရပ်ရွာပညာပဒေသာဌာန၏ လုပ်ငန်းဆောင်တာနှင့် လုပ်ဆောင်မှုများသည် ကျေးရွာလူထု၏ လိုအပ်ချက်နှင့် ကိုက်ညီမှု၊
- ကျေးရွာလူထုကိုအခြေပြုသော ကျွမ်းကျင်မှုနှင့် ရပ်ပိုင်းအရင်းအမြစ်များကို ဖော်ထုတ်သုံးစွဲနိုင်စွမ်းရှိမှု၊
- ကျေးရွာလူထုကိုယ်တိုင် ဦးဆောင်နိုင်မှုနှင့် စီမံခန့်ခွဲနိုင်မှု၊
- ကျေးရွာများပူးပေါင်း၍ အုပ်စုအဖြစ် စုစည်းနိုင်မှု၊
- အဖွဲ့ဝင် ကျေးရွာများမှ ရွာသူရွာသားများ အနေဖြင့် ပင်မရွာသို့ အလွယ်တကူ သွားရောက်နိုင်မှုတို့ဖြစ်သည်။

ရပ်ရွာပညာပဒေသာဌာနထူထောင်ရာတွင် ရပ်ရွာပညာပဒေသာဌာန စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းရမည်ဖြစ်သည်။ အောက်ပါအတိုင်း ဖွဲ့စည်းနိုင်ပါသည်-

- ကော်မတီဝင် ကိုးဦးမှ ၁၅ ဦးအထိ ဖွဲ့စည်းနိုင်ပြီး ၅၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်သင့်ပါသည်။
- ကော်မတီဝင်ဦးရေ ၇၅ ရာခိုင်နှုန်းသည် ရပ်ရွာသူရွာသားများ ဖြစ်သင့်ပါသည်။
- အခြေခံပညာမူလတန်းအဆင့် ပညာရေးလုပ်ငန်းများကို စိတ်ဝင်စားသူများ ဖြစ်သင့်ပါသည်။
- ဥက္ကဋ္ဌအဖြစ် ကျေးရွာခေါင်းဆောင်က ဆောင်ရွက်သင့်ပါသည်။

ရပ်ရွာပညာပဒေသာဌာန စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းငယ်အလိုက် ဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်ပါသည်။ ဥပမာ-

- စာကြည့်တိုက်အဖွဲ့
- ဝင်ငွေတိုးလုပ်ငန်းအဖွဲ့
- အားကစားအဖွဲ့
- စိုက်ပျိုးရေးပညာပေးအဖွဲ့
- ဟောပြောပွဲကျင်းပရေးအဖွဲ့
- လူမှုရေးယဉ်ကျေးမှုအဖွဲ့
- ဖျော်ဖြေရေးလုပ်ငန်းအဖွဲ့

အဆိုပါ ဆပ်ကော်မတီများသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည်-

- သတင်းစာ၊ ဂျာနယ်၊ စာစောင်၊ စာအုပ်များ ဖတ်စေခြင်း၊
- ပညာပေးရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များ ကြည့်ရှုနားထောင်ခြင်း၊ ပြန်လည်တင်ပြ ဆွေးနွေးစေခြင်း၊
- နေ့ကြီးရက်ကြီးများတွင် အထိမ်းအမှတ်ပွဲများ ခင်းကျင်းပြသခြင်း၊
- ဝင်ငွေတိုးလုပ်ငန်းများ ပေးခြင်း၊
- အသိပညာပေးဟောပြောပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊
- ပြိုင်ပွဲများ ကျင်းပပေးခြင်း၊
- အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊
- စာအုပ်၊ စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်များ ငှားရမ်းခြင်း၊
- ယဉ်ကျေးမှုလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊
- နံရံကပ်စာစောင်များ ထုတ်ဝေခြင်း၊
- လေ့လာရေးခရီးထွက်ခြင်း၊

စသည့် လုပ်ငန်းများကို လုပ်ဆောင်နိုင်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် နိုင်ငံသားတိုင်း စာတတ်မြောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သက်ကြီးစာတတ်မြောက်ရေးလုပ်ငန်းကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့ရာ ယခု ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၈၉ ရာခိုင်နှုန်းကို ရောက်ရှိလာပါသည်။

အခြေခံစာတတ်မြောက်မှုနှုန်း မြင့်မားလာသည်နှင့်အမျှ စာတတ်မြောက်မှုရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် စဉ်ဆက်ပညာရေးအစီအစဉ်များဖြစ်သော စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် ဘဝသာယာရေး အစီအစဉ်များကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ ဤအစီအစဉ်များကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်သည့် ရပ်ရွာပညာပဒေသာဌာနများကို တည်ထောင်ဖွင့်လှစ်နိုင်ရေးကို အားပေးစီမံဆောင်ရွက်လျက်ရှိရာ ၂၀၀၉ခုနှစ်တွင် ရပ်ရွာပညာပဒေသာဌာနပေါင်း ၂၇၇၄ ခုကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍လည်း မြို့နယ်အလိုက် ရပ်ရွာပညာပဒေသာဌာနများကို တည်ထောင်ဖွင့်လှစ်သွားကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

မိတ္ထီလာမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်စာစောင်များနှင့် ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ် စာစောင်များ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၇

မိတ္ထီလာမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်စာစောင်များနှင့် ဂျာနယ်များပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၁နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဦးရွှေဇင်လတ်- ဒေါ်စိန်စိန်မိသားစုက သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၀၊ ဦးသိန်းဟန်က ဂျာနယ်မျိုးစုံ ၁၀၀နှင့် ဦးအောင်တင်က မြတ်ပန်းရုံ ဘာသာရေးမဂ္ဂဇင်း၁၂အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်က လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာရေးဝန်ထမ်းသင်တန်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

စာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့်သင်တန်း အမှတ်စဉ် (၇၆)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ်(၁၃၃)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဇောင်ကြီး) အုန်းတောခန်းမ၌ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ်ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း အမှတ်စဉ်(၇၆)သို့ သင်တန်းသား၊ သင်တန်းသူ ၄၇ဦးနှင့် စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၁၃၃)သို့ သင်တန်းသား၊ သင်တန်းသူ ၁၅၅ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ခမောက်ကြီးမြို့၊ စည်ပင်သာယာရေးအဖွဲ့ပိုင် မြသီတာပန်းခြံ သာယာလှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို အဖွဲ့ဝန်ထမ်းများဖြင့် ကွင်းဆင်း ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် ဘုရင့်နောင်ရိပ်သာ ရွှေဒေါင်းလမ်းနေ နှစ်ဖက်သောမိဘများအား အမှူးတော်၍ ဦးစံညိမ်း-ဒေါ်ခင်သက်တင်မိသားစုက ဆောက်လုပ်လျက်ရှိသော လေးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ရေလှောင်ကန်အတွက် ငွေကျပ်နှစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကျေးလက်လမ်းကောင်းမွန်ရေး အဆင့်မြှင့်တင်ဆောင်ရွက်

မိုးကောင်း စက်တင်ဘာ ၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေရှိ ပင်းဘောကျေးရွာအုပ်စု ရွာလယ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို စက်တင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးနေသူရိန် စိန်လှက လိုက်လံရှင်းလင်းတင်ပြခဲ့သည်။ (၅၉၉)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်တင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျေးရွာများသို့ သွားရောက်ခဲ့သည်။

ဝန်ကြီးသည် စက်တင်ဘာ ၄ ရက် နံနက် ၇ နာရီခွဲတွင် ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသို့ ရောက်ရှိပြီး ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ပညာအလင်း ခေတ်မီစာကြည့်တိုက်၏ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အလယ်ဘုံကျေးရွာ "ဖူးပွင့်ဝေ" ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့လည်းကောင်း၊ ကမ္ဘားရပ်ကျေးရွာ "သုတဉာဏ်လင်း" ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့လည်းကောင်း ရောက်ရှိပြီး စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် မုံသွင်ကျေးရွာသို့ရောက်ရှိပြီး "လင်းရောင်ခြည်" ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အခိုင်အမာအဆောက်အအုံ တည်ဆောက်ထားရှိမှု၊ စာစောင်များ မတည်ထားမှု၊စာအုပ်၊စာစောင်အသစ်များတိုးပွားရေးအတွက် စာငှားစနစ်ဖြင့် စာအုပ်များ ငှားရမ်းဖတ်ရှုမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာစာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကိုပေးအပ်လှူဒါန်းသည်။

ဝန်ကြီးဦးကျော်ဆန်းသည် စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီတွင် ပုလဲမြို့ "မြတ်စွယ်စုံ" စာကြည့်တိုက်၏ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ကန့်ဒေါင့်ကျေးရွာရှိ " မင်းသီဟ" စာကြည့်တိုက်သို့ ရောက်ရှိပြီး စာအုပ်၊ စာစောင်အသစ်များ တိုးပွားလာစေရေးအတွက် စာငှားစနစ်ဖြင့် စာအုပ်ငှားရမ်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးကာ စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ကြက်ရင်းကျေးရွာရှိ "ဘဝသရဖူ" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးကာ စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အလယ်ဘုံကျေးရွာ "ဖူးပွင့်ဝေ" ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နှုတ်ဆက်စကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကန့်ဒေါင့်ကျေးရွာရှိ "မင်းသီဟ" စာကြည့်တိုက်အတွင်း စာပေဖတ်ရှုလေ့လာနေကြသည့် ကျေးလက်ပြည်သူများအား နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၇

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၅)တွင် Political Times အထူးအချပ်ပို အပါအဝင် "မဲပေးဖို့ ဘာတွေသိထားရမလဲ" နိုင်ငံရေးသုံးသပ် မျက်နှာဖုံးဆောင်းပါး၊ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် ပြောင်းလဲလာသည့် ရာသီဥတုများအကြောင်း တွေ့ဆုံမေးမြန်းခြင်း အပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် အရွေးခံမည့်ပါတီကိုယ်စားလှယ်လောင်းများ ပြည်သူများမဲပေးမှုအား ဥပဒေဘောင်အတွင်းမှ လာရောက်ကြည့်ရှုခွင့်ရရှိ၊ ပါတီအဖွဲ့အစည်းထက် အမတ်လောင်းကိုသာ အဓိကထား ရွေးချယ်မဲပေးသင့်ကြောင်း ဝါရင့်နိုင်ငံရေးသမားဟောင်းကြီး သခင်ချန်ထွန်းကဆို၊ ဆရာမောင်စူးစမ်းရေးသားသည့် "ဘောင်လည်းမကျဉ်း တင်းတင်းကျပ်ကျပ်လည်း မဖြစ်စေရသော နိုင်ငံရေး ချဉ်းကပ်နည်း"၊ ဒေါက်တာနေဇင်လတ် ရေးသားသည့် "အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး(၃)"၊ ဆရာနေဥဦးရေးသားသည့် "ရွေးကောက်ပွဲကြီး နီးလာပြီ အသင့်ပြင်ထားကြပြီလား" စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ ဝမ်းတွင်းမှာ ရေကြီးပြန်ပြီ၊ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေး တာချီလိတ်နှင့်ကော့သောင်းနယ်စပ်ဂိတ်များမှ ကုန်စည်တင်သွင်းခွင့်ပြု၊ မြန်မာနိုင်ငံအနှံ့ လှည့်လည်ရောင်းချမည့် မိုဘိုင်းစာအုပ်အရောင်းဆိုင်များ စတင်တည်ထောင်၊ မြန်မာနိုင်ငံသည် ကမ္ဘာ့နံပါတ်တစ် ဆန်တင်ပို့သည့်နိုင်ငံ ပြန်ဖြစ်လာနိုင်၊ မြန်မာနိုင်ငံ အပါအဝင် CLMV လေးနိုင်ငံသို့ သွားရောက်လည်ပတ်နိုင်မည့် ခရီးစဉ်သစ် မကြာမီ စတင်နိုင်တော့မည်၊ အေတီအမ်စနစ် ပြည်တွင်းပုဂ္ဂလိကဘဏ်များ အသုံးပြုရန်စီစဉ်နေသော်လည်း မည်သည့်ဘဏ်မျှ သုံးစွဲခွင့် မရရှိသေး၊ MRTV-4 ရုပ်သံ ၂၄နာရီတိုးမြှင့်ပြသပြီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် တွေ့ဆုံခြင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အောင်မြင်ကျော်ကြားသူများနှင့် လူမှုရေးဆောင်ရွက်ချက်"၊ "အနုပညာအလုပ်ကို စလုပ်ခါစကဆိုကားမောင်းခါစ အချိန်လိုပဲ"၊ စိုးပြည့်သဇင်နှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အောက်စဖို့ဒ် အွန်လိုင်းအဘိဓာန်က ပုံနှိပ်အဘိဓာန်ကို ရပ်တန့်ဖယ်ရှားပစ်ဖွယ်ရှိ၊ နိုင်ငံခြားသားလုပ်သားဝင်ရောက်မှု ၈၀၀၀၀ ခန့်အထိရောက်ရန် လုပ်ဆောင်သွားမည်ဟု လီရှန်လွန်းပြောကြား၊ လျှပ်စစ်ဓာတ်အားပေးစနစ် ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးခြင်းအားဖြင့် ကောင်းမွန်အောင်ပြုလုပ်ရန် နိုင်ဂျီးရီးယားသမ္မတ ကတိပြု၊ အိုဘားမား၏ သမ္မတခရီးလမ်းက အမေရိက၏ လူမျိုးရေး အစွဲလွန်ကာလသို့ ရောက်ရှိလာသည်ဟုဆို၊ "အမေရိကန်ဖွား မူးယစ်ရာဇာတစ်ဦး မက္ကဆီကိုရဲက ဖမ်းဆီးရမိ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။ (သတင်းစဉ်)

ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်) (၁၆) ကြိမ်မြောက် စုပေါင်းအလှူတွင် ညှော်ခံကျွေးမွေးရန်အတွက် သမားတော်ကြီးဦးကျော်စိန် (မိုးကုတ်) - ဒေါ်နန်းခမ်းဆာမိသားစု (ဖြူစင်မေတ္တာဆေးတိုက်)က အလှူငွေကျပ် ၄၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဆီမီး ၉၉၀၀ အဖွဲ့နာယကဦးစိုးဝင်း (သတင်းထောက် စဥ့်ကူ စိုးဝင်း)၊ ဥက္ကဋ္ဌ ဦးမြင့်စိုး (တရားရုံးချုပ်ရှေ့နေ)နှင့် အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ)တို့ လက်ခံရယူစဉ်။ (၆၁)

ကျောက်တန်းအထက(၁) ဂုဏ်ပြုချီးမြှင့်

ကျောက်တန်း စက်တင်ဘာ ၇

ကျောက်တန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက်က အထက (၁) ကျောက်တန်း မှော်ဝန်းရတနာခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး၊ကျောင်းအုပ်ဆရာမကြီးနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌတို့က အသီးသီး အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ တစ်ဘာသာမှ ငါးဘာသာအထိ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်များက ဂုဏ်ပြုဆုများချီးမြှင့်ပြီး ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် သုံးသိန်းကို ကျောင်းသား၊ ကျောင်းသူများကိုယ်စား မြို့နယ်ပညာရေးမှူး ဦးခင်အောင်မြင့်သို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ငြိမ်းက ပေးအပ်ကြောင်း သိရသည်။**(ယာပုံ)** (၇၄)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

○ ကျောဖုံးမှ

ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြ၍ ဗိုလ်ချုပ်တင်ဌေးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်တင်ဌေးသည် ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသည့် မျိုးကောင်းမျိုးသန့်စပါးမျိုးများနှင့် အထူးဇုန်(၁)အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အထူးဇုန်(၂) စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်တင်ဌေးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စံပြစိုက်ပျိုးရေးအထူးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စံပြစိုက်ပျိုးရေး အထူးဇုန်(၂)ရှိ မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီး ဌာန ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ်တွင် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ဝန်ကြီး ဦးခင်မောင်မြင့် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ် ကတ္တရာလမ်း အဆင့်တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ်တစ်လျှောက် စက်ယန္တရားများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၁၁/၁)နှင့် (၁၁/၂)အကြား စက်ယန္တရားဖြင့် လမ်းချဲ့နေသည့် လုပ်ငန်းခွင်၌ အနီးကပ်ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားသည့် အင်ဂျင်နီယာချုပ် ဦးမြင့်အောင်က စက်ယန္တရားများဖြင့် အပိုင်းလိုက် လမ်းချဲ့ခြင်း၊ မြေဖြတ်ခြင်းနှင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ပြင်ဦးလွင်-မိုးကုတ်လမ်းသစ်ကို ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်သွားရန် လမ်းအထူးအဖွဲ့တစ်ဖွဲ့၊ ခရိုင်အဖွဲ့နှစ်ဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ရှစ်ဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့ဖြင့် တာဝန်ပေးဆောင်ရွက်နေခြင်းကြောင့် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်၊ လမ်းချဲ့ခြင်း၊ မြေဖြတ်ခြင်းနှင့် လမ်းခင်းကြိတ်ခြင်းလုပ်ငန်းများကို တစ်ပြိုင်တည်း နေ့/ည ဆောင်ရွက်သွားရန်၊ ကားလမ်းသစ်အားကျယ်ရန်၊ ဖြောင့်ရန်နှင့် အတက်အဆင်းပြေပြစ်ရန်တို့ကို ဦးစားပေးဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ မိုင်တိုင်အမှတ် (၉/၃)နှင့် (၉/၄)အကြား မြေထိန်းနံရံ တည်ဆောက်နေမှုနှင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၉/၀)နှင့် (၉/၁)အကြား အတက်အဆင်း မတ်စောက်သည့် တောင်ကြောများ ဖြတ်ထုတ်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၅/၀)နှင့် (၅/၁)အကြားသို့ ရောက်ရှိရာ ဝန်ကြီးက လမ်းနယ်နှင့် မလွတ်ကင်းသော ဓာတ်တိုင်များ ရွှေ့ပြောင်းရေးတို့ကို သက်ဆိုင်ရာဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် စက်တင်ဘာ ၇

ရခိုင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၇/၂၀၁၀)ကို ဩဂုတ် ၂၅ ရက်တွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စစ်တွေခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် စစ်တွေမြို့နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးကျော်မြင့်က ရွေးကောက်ပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်အုပ်ရေခန့်မှန်းတွက်ချက်မှု၊ မဲပုံးများရောက်ရှိလာမည့် အခြေအနေ၊ နိုင်ငံရေးပါတီများမှ စုဝေးဟောပြောခွင့် တင်ပြလာပါက စိစစ်ရမည့်ကိစ္စရပ်များကို ဆွေးနွေးကာ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက မိမိတို့တာဝန်ကျသည့်နယ်မြေများသို့ ကွင်းဆင်းဆောင်ရွက်မှုနှင့် ကြီးကြပ်ကွပ်ကဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၂၇ ရက်က လှိုင်သာယာမြို့နယ် အမက(၂၇)တွင် ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးအတွက် ကျောင်းအကျိုးတော်ဆောင် ဦးဝင်းဗိုလ်-ဒေါ်ကြည်ကြည်မာ၊ သား-မောင်ဝေယံဦး သူငယ်တန်း(က)မှ ကျောင်းသား၊ ကျောင်းသူများအား နို့သာဂူအာဟာရ ကျွေးမွေးလှူဒါန်းစဉ်။ (ပညာရေး)

အသင်းတိုက်ဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၇

တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်ရန်အတွက် စော်ဘွားကြီးကုန်း ရန်ကုန်မြို့နေ ဦးခင်မောင်သန်းဝင်း-ဒေါ်ချိုချိုသန်း၊ သား မောင်ကောင်းထက်သူ ("သရဖူ"ချိန်းလိတ်၊ သံဆန်ခါ၊ သွပ်ဆူးကြိုးနှင့်ဘလိပ်ဓားဆူးလုပ်ငန်း) မိသားစုက ငွေကျပ်ငါးသိန်းလှူဒါန်းရာ အသင်းနာယက ဦးစံတင်၊ ဥက္ကဋ္ဌဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့က လက်ခံရယူကြသည်။**(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ ကျောက်စိမ်း(၄)လမ်း စော်ဘွားကြီးကုန်း ရန်ကုန်မြို့နေ ဦးခင်မောင်ဝင်း-ဒေါ်စိုးမိုးသူ ("ရွှေမေတ္တာ" အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး) မိသားစုက အသင်းတိုက်ဆောက်လုပ်ဝယ်ယူရန်အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းကြောင်း သိရသည်။ (ကြေးမုံ)

CENSTAR Fuel Dispenser & Petroleum Equipment မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

တရုတ်နိုင်ငံ၏ Top Brand စာရင်းဝင် CENSTAR အမှတ်တံဆိပ် Fuel Dispenser & Petroleum Equipment များ မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

(အောက်ယာပုံ)

အခမ်းအနားတွင် PSH Petroleum Equipment မှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းသန့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် CENSTAR Science & Technology Co.,Ltd. ၏ Vice General Manager Mr.Yuwei က CENSTAR Company နှင့် Fuel Dispenser အကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် PSH Petroleum Equipment မှ Marketing Manager ဦးကျော်ကျော်ဌေးက CENSTAR Fuel Dispenser & Petroleum Equipment များနှင့် တွဲဖက်အသုံးပြုနိုင်သည့် Station Management Software System ရရှိနိုင်ကြောင်းကိုလည်းကောင်း၊ အင်ဂျင်နီယာ Mr. Tony Chen က Petrol Station Management Software ကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

CENSTER PRODUCTS များသည် Petroleum ဆိုင်ရာ ISO လက်မှတ်များနှင့် နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များကို ရရှိထားပြီး တရုတ်နိုင်ငံတွင် စစ်ဆေးမှုကင်းလွတ်ခွင့်လက်မှတ်ကို ရရှိထားသည်။

CENSTER Fuel Dispenser များသည် ဈေးနှုန်းချိုသာပြီး စဉ်ဆက်မပြတ်သုံးပါက တစ်ကြိမ်လျှင် ၉၉၉၉ လီတာ (သို့မဟုတ်) ဂါလန်ထည့်နိုင်ပြီး တစ်နေ့လျှင် အကြိမ်တစ်သိန်းအထိ အသုံးပြုနိုင်သည်။ Normal Dispenser များတွင် Flow Rate တစ်မိနစ်လျှင် ၅၀ လီတာ (သို့မဟုတ်) ဂါလန်ဖြည့်နိုင်ပြီး Heavy Duty Dispenser များတွင် တစ်မိနစ်လျှင် ၄၅၀ လီတာ (သို့မဟုတ်) ဂါလန်ဖြည့်နိုင်သည်။ ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် အောက်တိန်းဆီများ အသုံးပြုနိုင်သည့် Dispenser များဖြစ်သည်။

လုပ်ငန်းရှင်များအနေဖြင့် Petrol Station Management Software ကိုအသုံးပြုခြင်းဖြင့် Customer များမှ Difference Payment Method ဖြင့် စိတ်ကြိုက်ဝယ်ယူနိုင်ပြီး Credit Account များ၊ Prepaid member များဖြင့် ဝယ်ယူနိုင်သည်။ နေ့စဉ်၊ အပတ်စဉ်နှင့် နှစ်အလိုက် ကြည့်ရှုနိုင်ပြီး ဆီအဝင်အထွက်နှင့် ဆီလက်ကျန်အခြေအနေနှင့် ဆီသန့်စင်မှုကို ကြည့်ရှုစစ် ဆေးနိုင်သည်။

CENSTAR Fuel Dispenser များကို PSH Petroleum Equipment အမှတ်(၁၆၀) (၁၀)လမ်း သီရိမွန်ရိပ်သာ ဘုရင့်နောင်လမ်းဆုံ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၂၉၈၉၊ ၀၉-၈၀၂၀၉၂၂၊ ၀၉-၈၆၁၉၉၅၄ တို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်းအား မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ်ဟောင်းနှင့် မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ဟိအဲအို ဝါတာနာဘေး ဦးဆောင်သော လွှတ်တော်အမတ် ငါးဦးတို့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များနှင့် နည်းပညာအကူအညီပေးရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမားကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အလုပ်သမားကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သွားရန် လိုအပ် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းကို အထောက်အကူပြုနိုင်

နေပြည်တော် စက်တင်ဘာ ၇

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အလုပ်သမားကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းများအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အလုပ်သမားကျွမ်းကျင်မှုသင်တန်းများကို လုပ်ငန်းခွင်လိုအပ်ချက်နှင့်အညီ စဉ်ဆက်မပြတ် ဖွင့်လှစ်သွားရန် လိုအပ်ကြောင်း၊ အလုပ်သမားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် အာဆီယံဒေသအတွင်း အလုပ်သမားဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကြီးကြပ်ရေးမှူး သင်တန်း၊ ညွှန်ကြားပြသမှုနည်းစနစ်သင်တန်း၊ လုပ်ငန်းကျွမ်းကျင်မှု စမ်းသပ်စစ်ဆေးရေးသင်တန်း၊ အခြေခံဂဟေဆက်၊ တွင်ခုံဖောက်ခုံ၊ လျှပ်စစ်၊ Auto CAD၊ ကွန်ပျူတာ၊ ပိုက်ဆက် စသည့် လုပ်ငန်းခွင်အကြိုသင်တန်းများကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး၊ ပုဂ္ဂလိက စက်မှုဇုန်များနှင့် ကုမ္ပဏီများ၏ လိုအပ်ချက်အရ သင်တန်းများ ပို့ချနိုင်ရေးနှင့် ရှေးလုပ်ငန်းစဉ်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အလုပ်သမားကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းမှ ဖွင့်လှစ်လျက်ရှိသော သင်တန်းများနှင့် လက်တွေ့လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၇

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူး တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အရာရှိစစ်သည်များ၊ တာဝန်ရှိသူများ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုအား တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းက ဆွတ်ခူးရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် တနင်္သာရီရေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဧရာဝတီရေတပ်စခန်းဌာနချုပ် ခေတ္တဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

Fuji Xerox Color Printer စက်များအား Promotion ပြုလုပ်မည်

နေပြည်တော် စက်တင်ဘာ ၇

Concordia Int'l Co.,Ltd. က မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသည့် ကမ္ဘာ့ပထမဆုံးမိတ္တူကူးစက် တီထွင်ထုတ်လုပ်ခဲ့သော Fuji Xerox ကုမ္ပဏီမှ အရည်အသွေးမြင့် အကြမ်းခံမိတ္တူကူးစက်များကို ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးရှိ Concordia Show Room များနှင့် အရောင်းကိုယ်စားလှယ်များတွင် ရောင်းချပေးနေသည့်အပြင် စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ လှိုင်တက္ကသိုလ်နယ်မြေရှိ Myanmar Info-Tech ၌ ကျင်းပသည့် 1st Myanmar-Korea ICT Products & Solutions Exhibition 2010 ပြပွဲတွင်လည်း ဝင်ရောက်ပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် Fuji Xerox မှ ထုတ်လုပ်သော A0 Size မိတ္တူကူးစက်များ၊ A3 Size ကာလာ၊ အဖြူအမည်း မိတ္တူကူးစက်များ၊ 3 in 1, 4 in 1 မိတ္တူကူးစက်များ၊ A4, A3 လေဆာပရင်တာများ၊ ကာလာလေဆာပရင်တာများ၊ Projector များနှင့် Electronic Copy Board များကို ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်အဖြစ် Promotion ပွဲကာလဖြစ်သည့် စက်တင်ဘာ ၁၆ ရက်အတွင်း Color Laser Printer Model ဖြစ်သော DPC 1110B ကို ပုံမှန်ရောင်းဈေး ငွေကျပ် ၄၂၀၀၀၀ မှ ငွေကျပ် ၃၆၀၀၀၀ သို့ အထူးဈေးနှုန်းဖြင့် ကွန်ပျူတာအရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်းဝယ်ယူလိုပါက Concordia Co.,Ltd. ရန်ကုန် (၃) လွှာနှင့် (၅)လွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၇၃၀၀၉၂၂၁၊ ၇၃၀၀၉၂၁၅၊ ၇၃၀၀၉၂၁၆၊ ၀၉-၅၀၆၂၆၀၁ နှင့် ၀၉-၈၀၁၃၇၇၃၊ Fax- (၉၅၁) ၅၄၄၁၉၉၊ မန္တလေး အမှတ်(၅) မြေညီထပ် SY အဆောက်အအုံ လမ်း (၃၀) (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၃၊ ၀၂-၃၆၄၇၈ နှင့် ၀၂-၉၆၃၀၃ နှင့် နေပြည်တော် အမှတ် (၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉ နှင့် ၄၂၁၃၆၂ တို့သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါက်ခေါင်းမြို့နယ်၌ မဲရုံမှူးသင်တန်းဖွင့်

ပေါက်ခေါင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမင်းသိမ်း ပေါက်ခေါင်းမြို့နယ်၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ သင်တန်းကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် ပေါက်ခေါင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ ပေါက်ခေါင်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမင်းသိမ်းက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားပြီး အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမြင့်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးသော်တာသွင်တို့က မဲရုံမှူး လုပ်ငန်းတာဝန်များကို ရှင်းလင်းပို့ချကြသည်။ ယင်းသင်တန်းသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ စုစုပေါင်း ၃၉၆ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွင်းဆင်းကြီးကြပ်

သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပိတောက်မြိုင်လမ်း ကျောက်ရိုးစီ မြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ထွေးစန္ဒာ တာဝန်ယူဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်လွင်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲ ခူး တိုင်း ဒေသကြီး ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စက်တင်ဘာ ၁ ရက်က ရန်ကုန်-မန္တလေးလမ်းဘေး မြေယာရှင်းလင်း အလှဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၉-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ ဝဋ္ဋသုတ်၊ မောရသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၁)**
- ၈း၄၀ Activities In The City (Brilliance Vocational Education & Training Center ဖွင့်ပွဲ)
- ၈း၅၅ ၂၀၁၀ နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနှစ် အထိမ်းအမှတ်ဖိတ်ခေါ် သစ်ပင်စိုက်ပွဲ (လှော်ကားဥယျာဉ်)
- ၉း၁၅ ရှင်နှောင်းကျောင်းရောက်ပြီ (ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ ယွန်းငုံဖူး) (ဒါရိုက်တာ-ဦးခင်ဇော်)
- ၉း၃၀ အားကစားမြင်ကွင်းစုံ (Lလွန်းဝါ၊ နန္ဒစိုး၊ မြတ်သူရ)
- ၉း၅၅ Industrial Talk
- ၁၀း၂၀ အိမ်တွင်းစီးပွားမှန့်လုပ်နည်းပညာများ(ပေါက်စီပြုလုပ်နည်း)
- ၁၀း၃၅ ဓာတ်ပုံထဲမှအမှတ်တရများ (အကယ်ဒမီပန်းဖြူနှင့်တွေ့ဆုံခြင်း)
- ၁၁း၀၅ သင်ယူလေ့လာ ဂီတပညာ (VOCAL TRAINING MODULE ; 01)
- ၁၁း၃၀ ရင်ထဲမှာနွေ **(ခန့်စည်သူ၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-သန့်ဇင်အောင်)**
- ၁း၀၀ "တရားဦးဓမ္မစကြာ"တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ကိုယ်ပိုင်ကားရှိတာကောင်းတယ်၊ ကိုယ်ပိုင်ကားမရှိတာကောင်းတယ်)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၁)**
- ၄း၄၅ လင်းလက်သောကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
- ၅း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရန်ကုန်မြင်ကွင်းကျယ် (အဝစားဘူဖေးစားသောက်ဆိုင်၏ သီချင်းဆိုပြိုင်ပွဲဖွင့်ပွဲ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈)**
- ၇း၁၅ Cartoon Show Time (Kronk's New Groove)
- ၇း၅၀ တောင်ကုတ်မြို့နယ်အသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်)
- ၉း၀၀ Celebrity Style (ချောရတနာနှင့်သန္တာဗို)
- ၉း၂၀ သင်ကြားရေးလမ်းညွှန် (U.C.E.C တရုတ်ဘာသာစကားသင်တန်းကျောင်း)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၀၂)**
- ၁၀း၁၀ အဖြည့်ခံနှလုံးသား **(ခန့်စည်သူ၊ ထက်ထက်မိုးဦး၊ ပန်းဖြူ) (ဒါရိုက်တာ-အကယ်ဒမီမောင်နန္ဒ)**
- ၁၁း၄၀ Activities In The City (Brilliance Vocational Education & Training Center ဖွင့်ပွဲ)
- ၁၂း၀၀ Parkway Healthcare မှ အသည်းရောဂါ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံခြင်း
- ၁၂း၃၀ World of Knowledge (Trading Faces)
- ၁း၁၅ Industrial Talk
- ၁း၄၅ တောင်ကုတ်မြို့နယ်အသင်း၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ
- ၂း၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလဲ့နွယ်ပင်သံယောဇဉ်)
- ၂း၂၅ ၂၀၁၀ နိုင်ငံတကာဇီဝမျိုးစုံမျိုးကွဲနှစ် အထိမ်းအမှတ်ဖိတ်ခေါ် သစ်ပင်စိုက်ပွဲ(လှော်ကားဥယျာဉ်)
- ၂း၄၀ စွမ်းအားစုံညီကြက်ခြေနီ
- ၂း၅၅ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်. . . ကန်တော်ဦးမုဒ်တ်စေတီ
- ၃း၀၅ အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
- ၃း၃၀ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်း စာဖတ်စို့
- ၃း၃၅ နူးညံ့လှပနန်းတွင်းယိမ်းအက
- ၃း၄၀ မီးလောင်ခံရသူအား ရှေးဦးသူနာပြုစုနည်း (ဒေါက်တာခင်နှင်းဦး)
- ၃း၄၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၇

၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ရှိ ရန်ကြီးအောင် အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်အားပေးပြီး တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသမီးအလှခတ်ပြိုင်ပွဲတွင် တတိယဆုရ ရုပ်ပျိုအသင်း၊ ဒုတိယဆုရ ခိုင်လုံးရွှေအသင်းနှင့် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အမှုဆောင် ဦးပြည့်စုံမြင့်ကလည်းကောင်း၊ အမျိုးသားအလှခတ်ပြိုင်ပွဲတွင် တတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရွှေမန္တလေး(က)အသင်းနှင့် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့အား ရုပ်ပျိုတိုင်းရင်းဆေးမှ အထွေထွေမန်နေဂျာ ဦးဇော်ဇော်ကလည်းကောင်း၊ အမျိုးသားလေးပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲတွင် တတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ရွှေမန္တလေး(က) အသင်းတို့အား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်ကလည်းကောင်း၊ အမျိုးသားတံခွန်စိုက်အလှခတ်ပြိုင်ပွဲတွင် တတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချစ်လှိုင်ကလည်းကောင်း၊ အမျိုးသားတံခွန်စိုက် ၁၀ ပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲတွင် တတိယဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့အား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်းကလည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်က အမှတ်ခတ်ပြိုင်ပွဲများတွင် အကောင်းဆုံးဆုရ အားကစားသမားများနှင့် အမျိုးသမီး အလှခတ်ပြိုင်ပွဲ တံခွန်စိုက်ဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နာယက သုဓမ္မမဏိဇောတရဲ သီဟသုဓမ္မမဏိဇောတရဲ ဒေါက်တာဦးဘိုကြီး (လူမှုထူးချွန်တတိယဆင့်) (ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစု)က အမျိုးသားအလှခတ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်းအားလည်းကောင်း၊ မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသား လေးပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ရွှေမန္တလေး (က)အသင်းအားလည်းကောင်း တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အမျိုးသား တံခွန်စိုက် အလှခတ်ပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းအားလည်းကောင်း၊ အမျိုးသား ၁၀ ပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအားလည်းကောင်း တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အမျိုးသားတံခွန်စိုက်အလှခတ်ပြိုင်ပွဲတွင် ပထမဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆု ပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် ကျောက်ရေတွင်း အောင်ဇေယျလမ်း ကတ္တရာလမ်း ဖြစ်မြောက်ရေးအတွက် မြန်မာ့ကျောက်စိမ်းမင်းဟန် ကုမ္ပဏီလီမိတက်မှ ငွေကျပ် ၆၄ သိန်းကို စက်တင်ဘာ ၁ ရက်က လှူဒါန်းရာ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များက လက်ခံရယူပြီး အလှူရှင် ဦးမင်းဟန်နှင့် ဒေါ်ဇင်မာလှိုင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(ကြေးမုံ)

သြဂုတ်လအတွင်း မီးလောင်မှု (၃၈) ကြိမ် ဖြစ်ပွားခဲ့

ရန်ကုန် စက်တင်ဘာ ၇

၂၀၁၀ ခုနှစ် သြဂုတ်လအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု (၃၈)ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး၊ ပေါ့ဆမီး အကြိမ်(၃၀)၊ အလိုအလျောက်မီးတစ်ကြိမ်၊ လျှပ်စစ်မီး သုံးကြိမ်၊ မသမာသူရှို့မီး သုံးကြိမ်နှင့် မိုးကြိုးပစ်တစ်ကြိမ် ပါဝင်သည်။

မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၁၁၇ လုံး၊ ဂိုဒေါင်နှစ်လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၂၂၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူတစ်ဦးသေ၊ လေးဦး ဒဏ်ရာရခဲ့သည်။

မီးလောင်မှု(၃၈)ကြိမ်တွင် မီးဖိုမီး အပါအဝင် ပေါ့ဆမီး အကြိမ် (၃၀)ပါဝင်သဖြင့် မီးကိုမဆင်မခြင် ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၇၈ဒသမ၉၅ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရှိရသည်။

မီးလောင်မှုအကြိမ်များကို ဆန်းစစ်ကြည့်ရာ မန္တလေးတိုင်းဒေသကြီး၌ အကြိမ်အများဆုံး၊ ရန်ကုန်တိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် ပဲခူးတိုင်းဒေသကြီး၌ တတိယအများဆုံးဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်ဆုံးရှုံးမှုများအနေဖြင့် ပဲခူးတိုင်းဒေသကြီး၌ ဆုံးရှုံးမှုအများဆုံး၊ ရှမ်းပြည်နယ်၌ ဒုတိယအများဆုံးနှင့် ကရင်ပြည်နယ်၌ တတိယအများဆုံး ဆုံးရှုံးခဲ့သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ စျေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားနေကြောင်း တွေ့ရှိရသည်။

ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှု လျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထား ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မိုးနှောင်းကာလမှ ပွင့်လင်းရာသီသို့ ကူးပြောင်းနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှ စတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေးစီမံချက်ပါအတိုင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးပေါ်လွင်စိန် ဩစတြေးလျနေသဟာယနိုင်ငံဘုရင်ခံချုပ်ထံ သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၈

ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၀ ခုနှစ် သြဂုတ် ၂၆ ရက်တွင် ကင်ဘာရာမြို့၌ ဩစတြေးလျနေသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင် ဘရိုက်စ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည) ၈-၉-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ တရားတော် (ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဥပုသ်နေ့နှိုးဆော်ချက် ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၅၀	နဝင်္ဂတရား (ဘဒ္ဒန္တဓမ္မာနန္ဒ)
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၆) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တရားတော် (ဘဒ္ဒန္တပညာနန္ဒ)
၁၂း၂၅	ဇာတ်လမ်းပမာနားဆင်စရာ (ဝေဒနာသံစဉ်ရိုင်းများ)
၁၂း၄၅	တေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၀၀	ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးထမင်းချဉ်)
၅း၁၀	Current Song
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	တေးပဒေသာ
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၂၃)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၆)
၆း၂၀	ကျေးလက်ဇာတ်လမ်း (နေရောင်ခြည်)
၆း၃၀	တူယှဉ်သီကြွေးစုံတွဲတေး
၇း၀၀	နိုင်ငံတကာသတင်း
၇း၀၅	သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၇း၁၅	အနုအလှအစုံစုံသူ့ဘဝအဖုံဖုံ (ကုံကော်တောမျိုးအောင်)
၇း၃၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၈း၅၀	ကျန်းမာရေးရာသိကောင်းစရာ (ဆေးဖက်ဝင်ဆလတ်ပင်) လူမှုရေးဦးတည်ချက်
၉း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၉း၅၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာ တရားတော်
၁၀း၀၀	အစီအစဉ်ပြီး၏။

မြင်းမူမြို့နယ်၌ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန် ရက်တိုသင်တန်းဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန် ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြင်းမူမြို့ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းထွန်းနှင့် ဦးရဲထွန်းတို့က မိတ်ဆက်အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များက မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ ဆန္ဒမဲလက်မှတ်ထုတ်ပေးသူနှင့် မဲရုံလုံခြုံရေး ဆောင်ရွက်သူများ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာကြသူများ၏ အကြံပြုဆွေးနွေးချက်များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များက ဖြည့်စွက်ရှင်းလင်း၍ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အလားတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးကြည်ဟန်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင် ခုနစ်ဦးတို့သည် မြင်းမူမြို့နယ် အလ္လကပ္ပ အခြေခံပညာ အထက်တန်းကျောင်း သင်တန်းခန်းမ၌ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန် ရက်တိုသင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ရာ ကျေးရွာအုပ်စု ၁၂ အုပ်စုမှ စုစုပေါင်းအင်အား ၂၃၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မအမှတ်(၂) စျေးအတွင်း မီးဘေးလုံခြုံရေးနှင့် စျေးသန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကိုကိုနိုင်၊ တာဝန်ခံအင်ဂျင်နီယာနှင့် စျေးတာဝန်ခံတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းခွဲဖွဲ့စည်း

ရန်ကုန် စက်တင်ဘာ ၇

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (မအူပင်မြို့နယ်အသင်းခွဲ) ဖွဲ့စည်းခြင်းအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညွန့်စိန်က အမှာစကားပြောကြားပြီး မအူပင်ခရိုင် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး မန်နေဂျာ ဦးတိုးလွင်က အသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (မအူပင်မြို့နယ်အသင်းခွဲ)အမှုဆောင်အဖွဲ့အား ရွေးချယ်တင်မြှောက်ကြပြီး မြို့နယ်အသင်းခွဲဥက္ကဋ္ဌ ဦးဇော်လင်းဦးက အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ၊ ပြည်နယ်အဆင့်ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ဆီထွက်သီးနှံ တောင်သူထူးချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကလောမြို့နယ် အင်းခေါင်းကျေးရွာ ဟဲဟိုးမျိုးပွားခြံစိုက်ကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

အစီအစဉ်အရ ကောက်စိုက်စွမ်းရည် ပြိုင်ပွဲများကို စတင်ယှဉ်ပြိုင်ကြရာ တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် တာဝန်ရှိသူများက ဆီထွက်သီးနှံအထွက်နှုန်းကောင်း ထူးချွန်တောင်သူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိ အသင်းများအား ဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက ပထမဆုရရှိသည့် ညောင်ရွှေမြို့နယ် ကောက်စိုက်လုံမေအသင်းအား ဆုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ဟဲဟိုးမျိုးပွားခြံစိုက်ကွင်းအတွင်း စပါးစိုက်ကွက်များကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

ထို့နောက် တီကျစ်စာမြေဆွေး ထုတ်လုပ်နေမှုအခြေအနေများနှင့် နဂါးမောက်သီးခြံအတွင်း နဂါးမောက်သီးပင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ ထစ်ချုန်းမည့် အခြေအနေဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ ကျုံကွမီမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ပလက်ဝမြို့နှင့် မြောက်ဦးမြို့တို့တွင် ၂ ဒသမ ၃၆ လက်မစီ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ကျောက်ဖြူမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ပုသိမ်မြို့နှင့် မချမ်းဘောမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီနှင့် မင်းဘူးမြို့တွင် သုည ဒသမ ၅၅ လက်မတို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

စက်တင်ဘာ ၈ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၄ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၉၃ ဒီဂရီဖာရင်ဟိုက်	၆-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန်	(၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်	၇-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၄ ရာခိုင်နှုန်း	၇-၉-၂၀၁၀
မိုးရေချိန်	Tr	၇-၉-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	(၃၁ ဒသမ ၆ ဒီဂရီစင်တီဂရိတ်) ၈၉ ဒီဂရီဖာရင်ဟိုက်	၆-၉-၂၀၁၀
အနိမ့်ဆုံးအပူချိန်	(၂၄ ဒသမ သုည ဒီဂရီစင်တီဂရိတ်) ၇၅ ဒီဂရီဖာရင်ဟိုက်	၇-၉-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၈၅ ရာခိုင်နှုန်း	၇-၉-၂၀၁၀
နေပူသည့်နာရီပေါင်း	၁ ဒသမ ၇ နာရီခန့်	၆-၉-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၇-၉-၂၀၁၀	မရှိပါ	မရှိပါ	၂မမ(သုညဒသမဝ၈လက်မ)
၁-၁-၂၀၁၀မှ	၁၅၈၆မမ	၁၇၈၅မမ	၂၀၂၃မမ
ယနေ့အထိ	(၆၂ ဒသမ ၄၄ လက်မ)	(၇၀ ဒသမ ၂၈ လက်မ)	(၇၉ ဒသမ ၆၅ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၆-၉-၂၀၁၀ ရက် ၂း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ် အားကစားဝန်ကြီးဌာနအသင်း အနိုင်ရရှိ

နေပြည်တော် စက်တင်ဘာ ၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၃ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အားကစားဝန်ကြီးဌာန - နှစ်ဂိုး

(ဆက်ဆွေ၊ ယမင်းသိုက်)

အလုပ်သမားဝန်ကြီးဌာန - တစ်ဂိုး

(အောင်မြတ်မိုး)

ဒိုင်လူကြီး - ဦးသူရိန်စိုး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

စက်တင်ဘာ ၉ ရက်တွင် ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ တတိယနေရာလုပွဲအဖြစ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး စက်တင်ဘာ ၁၀ ရက်တွင် နေပြည်တော်ကွင်း၌ အားကစားဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းတို့ နောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး သနပ်ပင်မြို့၌ ညှိနှိုင်းစည်းဝေး

သနပ်ပင် စက်တင်ဘာ ၇

သနပ်ပင်မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစီမံချက်အရ ကျေးလက်တိရစ္ဆာန်ကျန်းမာရေး လုပ်သားများနှင့် တွေ့ဆုံကျင်းပသည့် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သနပ်ပင်မြို့နယ် စက်ကုန်းပိုင်းရပ်ကွက်၌ ဩဂုတ် ၂၉ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရဲအောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ခရိုင်ဦးစီးဌာနမှူး ဒေါက်တာအေးဝင်းက ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားပြီး သနပ်ပင်မြို့နယ် ဦးစီးဌာနမှူး ဒေါက်တာထွန်းလှစိန်က လစဉ် ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်ပြန်/ဆက်)

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ ရော်ဂျာဖက်ဒဲရားနှင့် ဝေါ့ဇ်နစ်ကီတို့နိုင်ပွဲရ

နယူးယောက် စက်တင်ဘာ ၇

နှစ်တစ်နှစ်တွင် ဂရင်းဆလင်း ပြိုင်ပွဲလေးပွဲကျင်းပရာ နောက်ဆုံးပြိုင်ပွဲဖြစ်သည့် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲ၏ ရှစ်ရက်မြောက်ဖြစ်သည့် စက်တင်ဘာ ၆ ရက် ပြိုင်ပွဲများတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ နာမည်ကြီး တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲရားနှင့် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ဗိုလ်စွဲရန် ရေပန်းစားနေသည့် ဝေါ့ဇ်နစ်ကီတို့ နိုင်ပွဲအသီးသီး ရရှိခဲ့ကြသည်။

ရှာရာပိုဗာကို အနိုင်ယူခဲ့သည့် ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်နစ်ကီ။

အမျိုးသားတစ်ဦးချင်း

အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ရော်ဂျာဖက်ဒဲရား၊ ရာဖေးလ်နာဒယ်၊ ဆိုဒါလင်း၊ ဂျိုကိုဗစ်နှင့် မွန်ဖေးလ်စ်တို့ နိုင်ပွဲရပြီး နောက်တစ်ဆင့် တက်နိုင်ခဲ့သည်။ စက်တင်ဘာ ၈ ရက်တွင် ရာဖေးလ်နာဒယ်နှင့် လိုပက်ဇ်၊ မွန်ဖေးလ်စ်နှင့် ဂျိုကိုဗစ်၊ ဆိုဒါလင်းနှင့် ရော်ဂျာဖက်ဒဲရားတို့ ဆက်လက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်း

အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဝေါ့ဇ်နစ်ကီက ရှာရာပိုဗာကို ၆-၃၊ ၆-၄၊ ဗိုနာရီဗာက ပက်တိုဗစ်ကို ၆-၁၊ ၆-၂၊ ကာနီပီက ဝက်ခ်မေယာကို ၀-၆၊ ၇-၆၊ ၆-၁နှင့် စီဘူလ်ကိုဗာက ကုဇနက်ဆိုဗာကို ၇-၆၊ ၇-၆ တို့ဖြင့် အသီးသီး အနိုင်ရရှိသွားသည်။ စက်တင်ဘာ ၈ ရက်တွင် ဝေါ့ဇ်နစ်ကီနှင့် စီဘူလ်ကိုဗာ၊ ကာနီပီနှင့် ဗိုနာရီဗာတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ***အင်တာနက်။***

ဝင်းတင်
(ကြေးမုံ)

လီဗာပူး ကစားသမား ဒရက်ကောက် ပခုံးဒဏ်ရာကြောင့် တစ်လခန့် နားရမည်

လန်ဒန် စက်တင်ဘာ ၇

လီဗာပူးနှင့် နယ်သာလန် ကစားသမား ဒရက်ကောက်သည် လေ့ကျင့်ရေးကွင်းတွင် ပခုံးဒဏ်ရာရခဲ့ခြင်းကြောင့် အနည်းဆုံးတစ်လခန့် နားရတော့မည်ဖြစ်ကြောင်း သိရသည်။

အသက် (၃၀) ရှိ ဒရက်ကောက်သည် နယ်သာလန်အသင်းနှင့်အတူ ၂၀၁၂ ဥရောပဖလား ခြေစစ်ပွဲဝင်ရန်အတွက် လေ့ကျင့်နေစဉ် ယင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒရက်ကောက် ဒဏ်ရာရရှိခဲ့ခြင်းမှာ လီဗာပူးအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်ခဲ့ပြီး ၎င်းမှာ လီဗာပူးအသင်း ယှဉ်ပြိုင်ကစားရမည့် ဘာမင်ဂမ်၊ စတူအာဘူခါရက်၊ မန်ယူနှင့် နေ့သမ်ပတန် ပွဲစဉ်များကို လွဲချော်တော့မည်ဖြစ်သည်။ ***အင်တာနက်။***

ပခုံးဒဏ်ရာကြောင့် တစ်လခန့် အနားယူရတော့မည့် နယ်သာလန်နှင့် လီဗာပူး ကစားသမား ဒရက်ကောက်။

ဒိုက်ဦးမြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဒိုက်ဦး စက်တင်ဘာ ၇

ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၀ ရက် ညနေပိုင်းတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲ၌ မြို့ပေါ်ရပ်ကွက် ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲတွင် အမှတ်(၇)ရပ်ကွက်အသင်းက အမှတ်(၅)ရပ်ကွက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး အကောင်းဆုံး အားကစားဆုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဌေးအောင်နှင့် ပထမဆုရရှိသော အမှတ်(၇)ရပ်ကွက်အသင်းအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဇော်မင်းက ငွေသားဆုနှစ်သိန်းနှင့် တံခွန်စိုက်ဆုဖလား ချီးမြှင့်ကြောင်း သိရှိရသည်။ **(ဓါတ်ပုံ)**

(အား/ကာ)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မှုးယစ်ဆေး

ဩဂုတ် ၁၄ ရက်က နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွာမရပ်ကွက် ဂါလန် ၁၂၀၀ ဆံ့ အများသုံးအုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန္ဒာအေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မော်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညဏ်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စက်တင်ဘာ ၄ ရက်က အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အလုံမြို့နယ်၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ ဒသမတန်း(A)မှ လေးဘာသာဂုဏ်ထူးဆုရရှိသူ မောင်သော်ဇင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ပုဇွန်တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကျေးလက်(တံတား)သာမန် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သော စေတီရင်း-ရေပေါက်ချောင်းလမ်းပေါ်ရှိ သစ်သားတံတား ပြင်ဆင်ခြင်းလုပ်ငန်းအား တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးဌေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

စက်တင်ဘာ ၄ ရက်က ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း စံရိပ်ငြိမ်ခန်းမ၌ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မခိုင်သူသာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီရေတိုက်စားမှုကြောင့် ပျက်စီးသွားသော နောင်ခိုရွှေကျေးနားလမ်းပေါ်ရှိ ရေပွန်တံတား ပြန်လည်တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ ဩဂုတ် ၂၄ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရှင်ကေလာသ ဓမ္မာစရိယ B.A(Philo), M.A(Buddhism) ရေးသားသည့် ဓမ္မအမေးအဖြေများ စာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၇

ထေရဝါဒ ဗုဒ္ဓဘာသာဝင်သူတော်စင်များအားလုံး မြတ်ဗုဒ္ဓ၏ တရားဓမ္မအစစ်အမှန် အခြေခံများကို သိရှိနိုင်ကြစေရေး၊ သိသလိုလိုနှင့် မသိဖြစ်နေကြသည့် ဗုဒ္ဓဓမ္မဆိုင်ရာ အကြောင်းရပ်များကို ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်ကြစေရေးအတွက် အရှင်ကေလာသ ဓမ္မာစရိယ B.A (Philo), M.A(Buddhism) ရေးသားသည့် ဓမ္မအမေးအဖြေများ စာအုပ်ကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က စာစဉ်အမှတ်(၉၈)အဖြစ် တစ်ပြည်လုံးသို့ ဖြန့်ချိထုတ်ဝေလိုက်သည်။ (ယာပုံ)

ဘုရားအထက် ပစ္စယာကဲ့သို့ မြင့်မြတ်သောနေရာများသို့ အမျိုးသမီးများမတက်ရဆိုလျှင် မှျတသလား၊ ဗုဒ္ဓဓာတ်တော်ကို ရေစိမ်သောက် ကောင်းသလား၊ ဗုဒ္ဓဝါဒအရ ပဋ္ဌိသန္ဓေတားကောင်းသလား၊ ဝမ်းကွဲမောင်နှမ လက်ထပ်ကောင်းသလား၊ ဗုဒ္ဓသာသနာ့အလံကို ဘယ်သူတီထွင်သလဲ၊ အရှင်ဥပဂုတ်ကိုးကွယ်သင့်သလား၊ ဗုဒ္ဓဓမ္မကို ဘယ်တုန်းက အက္ခရာနဲ့ရေးသလဲ၊ ပေါင်းလောင်းကဿပအကြောင်း သိသလား၊ သက်သတ်လွတ်စားရင် ကုသိုလ်ပိုရသလား၊ သမ္ဗုဒ္ဓေဂါထာကို ဘယ်သူရေးခဲ့သလဲ၊ ဗုဒ္ဓကျမ်းထွက် စကြဝဠာဗေဒ အစရှိသည်တို့၏ အဖြေများနှင့်အတူ ရဟန်းများခေါင်းရိတ်ခြင်း၊ ဗုဒ္ဓ၏ ဆံပင်ပုံစံအကြောင်း၊ မြင်းမိုရ်တောင်ဆိုတာ ဘုရားဟောလား၊ ဗုဒ္ဓမွေးဖွားနှစ် နှစ်မျိုးအကြောင်း၊ စေတီတော်မှ ရောင်ခြည်တော်လွှတ်ခြင်း၊ ဗုဒ္ဓဝါဒနှင့် သိုက်အကြောင်း၊ ကျောင်းထိုင်အရည်အချင်း၊ မနုဿီဟမှတ်စု၊ သီလရှင်ကို ရှိခိုးခြင်း၊ နတ်တွေကိုတွေ့ချင်ရင်၊ ကံကောင်းအောင်လုပ်နည်း၊ ကိုယ်စောင့်နတ် အစရှိသော အကြောင်းရပ်များအပြင် များပြားလှစွာသော ဗုဒ္ဓဘာသာဆိုင်ရာ ဗဟုသုတများကို စာရေးသူက ဘုရားဟောကျမ်းဂန်၊ ကျမ်းကိုးကျမ်းကား အထောက်အထားများနှင့် ရှင်းလင်းခိုင်မာစွာ ဖော်ကျူးတင်ပြထားသည်။

ဝယ်ယူနိုင်

ဝူဖရီး စက္ကူဖြူချောဖြင့် စာမျက်နှာ ၅၀၀ ကျော် သပ်သပ်ရပ်ရပ် သန့်သန့်ခံ့ခံ့ ထုတ်ဝေထားသော အဆိုပါစာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း၊ စာပေဗိမာန် အဆောက်အအုံ၊ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (၂) အလက(၁) ရန်ကင်းရွှေ သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

တောင်တွင်းကြီးဌာနေ အလှူငွေပေးအပ်ပွဲ ကျင်းပ

တောင်တွင်းကြီး စက်တင်ဘာ ၇

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)က စွယ်တော်မြတ်စေတီတော် ပရိဝုဏ်တွင် တည်ဆောက်လျက်ရှိသော ဓမ္မာရုံအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၂ ရက်က တောင်တွင်းကြီးဌာနေ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း) က ဆောက်လုပ်ရေး ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်တွင်းကြီးဌာနေ အလှူရှင်များမှ လှူဒါန်းသော အလှူငွေများကို တောင်တွင်းကြီးမြို့မှ ဒုတိယဗိုလ်မှူးကြီးဇော်လွင်ဦး၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးတင့်လွင်၊ တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တောင်တွင်းကြီးဌာနေ လုပ်ငန်းကော်မတီ၊ အတွင်းရေးမှူးတို့က လက်ခံရယူကြသည်။

ဆက်သွယ်လှူဒါန်း

ဓမ္မာရုံဆောက်လုပ်ရေးအတွက် လှူဒါန်းလိုသူများသည် ရန်ကုန်မြို့တွင် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင် (ငြိမ်း) ဖုန်း-၀၁-၆၉၉၆၀၂၊ ဒုတိယ ဥက္ကဋ္ဌ(၁)ဦးကျော်စိုး ဖုန်း-၀၁-၆၅၁၉၄၃၊ ဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ ဖုန်း-၀၁-၃၉၅၁၄၆၊ အတွင်းရေးမှူး ဒေါက်တာဘိုကြည် ဖုန်း-၀၁-၆၄၇၁၆၃၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း-၀၁ ၆၄၀၈၆၈၊ တောင်တွင်းကြီးတွင် မြို့နယ်အတွင်းရေးမှူး၊ မြို့နယ် သာသနာရေးဦးစီးမှူး၊ မြို့နယ်ပညာရေးမှူး တောင်တွင်းကြီးဌာနေ ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း(တောင်ပြင်-၂) ဒေါ်သင်းသင်းကြိုင် (ပုလဲစာပေ) နှင့် အမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

စာအုပ်စာပေ လူ့မိတ်ဆွေ

ချောင်းမည် (ပွဲစားမလို)
ဗဟန်းမြို့နယ် လမ်းမတန်း၊
(0.28) ဧက RC 1
ဆက်သွယ်ရန် - 09-8617309

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(လေးဒေါင့်ကန်)၊ မြေကွက်အမှတ်(၆၁) [စည်ပင် အခေါ်အမှတ်(၇၇)၊ လေးဒေါင့်ကန်လမ်းမ၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့]ပေါ်တွင် မြေပိုင်ရှင် ဦးကျော်ရှိန်နှင့် ကန်ထရိုက်တာ ဦးမောင်မောင်၊ ဦးကျော်တင်တို့ အပေး/အယူကန်ထရိုက်စနစ်ဖြင့် ဆောက်လုပ်ထားသော ၂-ခန်းတွဲ(၆)ထပ်တိုက်၏ **မြေညီထပ်၊ တိုက်ကိုမျက်နှာမူသော် လက်ယာဘက်၊ ခြေရင်းခန်း၊ အကျယ်အဝန်း ၁၁½ ပေ × ၄၅ ပေ၊ အမြင့် ၁၇ ပေ**ရှိ တိုက်ခန်းကို မြေပိုင်ရှင်၏သဘောတူညီချက်နှင့်အညီ ကန်ထရိုက်တာများဖြစ်ကြသော ဦးမောင်မောင်နှင့်ဦးကျော်တင်တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းတွင် အကျိုးခံစားပိုင်ခွင့်ရှိသူ (သို့မဟုတ်)ကန်ထရိုက်တာများတွင် ရောင်းချပိုင်ခွင့်မရှိကြောင်း အဆိုရှိသူမည်သူမဆိုသည် ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်နေ့ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးဝင်းညိန်း(B.Sc.,R.L) (စဉ်-၁၆၉၇၉)

ဦးသက်မော်(B.Sc.,H.G.P.,R.L) (စဉ်-၂၀၅၈၈)

ဝယ်ယူသူ၏ဥပဒေအကျိုးဆောင်ရှေ့နေများ

အမှတ်-၅၀(ပထမထပ်)၊ အခန်း-ဒီ ၇/၈၊ ဘဏ်လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၀၉၅၆

ဂေါက်ပြိုင်ပွဲဖိတ်ကြားခြင်း

တေဇ(၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀)မှ စီစဉ်ကျင်းပသော တေဇကျောင်းဆင်း ညီအစ်ကိုများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တေဇ(၁) မှ (၃၀)အထိ ညီအစ်ကိုများ ပါဝင်ဆင်နွှဲကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(၁)ကျင်းပမည့်နေရာ - တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ
(၂)ကျင်းပမည့်အချိန် - နံနက် ၆း၀၀နာရီ
(၃)ကျင်းပမည့်ရက် - ၁၈-၉-၂၀၁၀ရက်(စနေနေ့)

ပြိုင်ပွဲကျင်းပရေးကော်မတီ
ဗိုလ်မှူး ခင်ဇော်ဝင်း(ငြိမ်း) တေဇ ၁၈
ဖုန်း-၀၉ ၈၆၂၂၁၉၅

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်သည်လမ်း၊ အမှတ်(၇၀၃)တွင် တည်ရှိသော New Light World Co.,Ltd. သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏တစ်ဦးတည်း မူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ARROW

အထက်တွင်ရိုက်နှိပ်ဖော်ပြထားသော "ARROW" အမည်ရှိသော ကုန်အမှတ်တံဆိပ်အမှတ်အသားမှာ New Light World Co.,Ltd ၏ မူပိုင် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် အိမ်ဆောက် ပစ္စည်းသုံး အပိုပစ္စည်း အမျိုးမျိုး(သံဝေါပလပ်)တို့ကို ဖြန့်ချိရောင်းချသွားမည်ဖြစ်ရာ အဆိုပါကုန်ပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်ကတ်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူဘူး၊ စက္ကူအိတ်၊ ပါဆယ်ထုပ်များအစရှိသော ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများပေါ်တွင် ၎င်းကုန်ပစ္စည်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှတစ်ပါး၊ တခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲနေသူများကို တွေ့ရှိပါက မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းအကျိုးစီးပွား၊ ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေများတောင်းခံနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းရှိမည်သည့်တရားရုံးတွင်မဆိုတရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရ ဥပဒေနှင့်အညီတရားစွဲဆို အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဝဏ္ဏကျော်ထင်ဦးတင်ရွှေ
B.A,B.L,D.O.S , Surrey, England
Advocate, Senior Law Officer (Rtd)
Attorney General's Offices
No. 27,87 th Street,Kandawgalay P.O,
Mingalar Taung Nyunt Township Yangon.
Ph;386771



ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)]

ကျွန်းစုမြို့နယ်တရားမရုံး

၂၀၁၀ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၇

ကိုအောင်ဇော်သိန်း	နှင့်	မမိုးသဇင်အုန်း
အုပ်ခွဲတပ်ကြပ်ကြီး(ရေ-၂၂၉၁၉)		[၁၀/မလမ(နိုင်)၁၅၈၈၃၉]
ကျွန်းစုမြို့		ဈေးတန်းရပ်ကွက်၊ သန်လျင်မြို့၊
		ရန်ကုန်တိုင်းဒေသကြီး
တရားလို		**တရားပြိုင်**

မမိုးသဇင်အုန်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၀ ခုနှစ် စက်တင်ဘာလ ၂၂ ရက် (၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူသည် တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ငွေထွန်း(တ/၂၂၃၂)
မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ ကျွန်းစုမြို့

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အရပ်အမြင့် (၅)ပေ(၃)လက်မ ရှိရမည်။

(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၄-၁၁-၂၀၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့/စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်။ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က)	အင်္ဂလိပ်စာ	။	နံနက်	(၉)နာရီမှ	(၁၁)နာရီထိ။
(ခ)	ဇီဝဗေဒ	။	နေ့လယ်	(၁)နာရီမှ	(၃)နာရီထိ။

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၀-၁၂-၂၀၁၀ ရက်နေ့မှ ၂၃-၁၂-၂၀၁၀ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသောအချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀၀ိ/-)၊ဒုတိယနှစ်(၄၆၀၀၀ိ/-)၊တတိယနှစ်(၄၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၄၈၀၀၀ိ/-)ရရှိမည်။

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc(Med. Tech)
Bachelor of Paramedical Science(Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့(ဓာတ်မှန်ရိုက်ပညာ) B.P.Sc(Radiography)
Bachelor of Paramedical Science(Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့(ကာယကုသမှုပညာ) B.P.Sc(Physiotherapy)
Bachelor of Paramedical Science(Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

အင် တာ နက် ခ ရီး သွား သ တင်း ဘာသာပြန် - ဗျည်းနွဲ့

အီဂျစ်နိုင်ငံ မြေထဲပင်လယ်ကမ်း ခြေ ရှိ လွန် ခဲ့ သော နှစ် ၂၀၀၀ ခန့်က လူ ကာ စ ပစ် ရှေး ဟောင်း ဆိပ်ကမ်း မြို့ဟောင်းကြီး။

ဓာတ်ပုံ - အင်တာနက်

လွန်ခဲ့သော နှစ် ၂၀၀၀ မှ ရှေးဟောင်းမြို့တော်ကြီး ခရီးသွားများလေ့လာနိုင်ရန် အီဂျစ်တွင်ဖွင့်လှစ်

ကိုင်ရို စက်တင်ဘာ ၇

လွန်ခဲ့သော ၂၅ နှစ်ခန့်က ပြန်လည်တူးဖော်တွေ့ရှိခဲ့သော အီဂျစ်နိုင်ငံ၏ လူကာစပစ်ရှေးဟောင်းမြို့တော်ကြီးကို ခရီးသွားနယ်မြေအဖြစ် ဖွင့်လှစ်ရန် အီဂျစ်အစိုးရက စီမံနေကြောင်း စက်တင်ဘာ ၇ ရက်သတင်းများတွင် ဖော်ပြထားသည်။

လူကာစပစ် သို့မဟုတ် အင်တီဖရေးမြို့တော်ဟု လူသိများသော အဆိုပါမြို့ကြီးသည် အေဒီလေးရာစုခန့်က ဆူနာမီအန္တရာယ်ကြောင့် ပျက်စီးခဲ့ရပြီး ရာစုပေါင်းများစွာ နစ်မြုပ်ကွယ်ပျောက်ခဲ့ရသော မြို့တော်ဟောင်းကြီးဖြစ်သည်။

ယခု အဆိုပါ မြို့တော်ဟောင်းကြီးကို အီဂျစ်နိုင်ငံ၏ ဂန္ထဝင်ခေတ်ရှားပါး ဥပမာတစ်ခုအဖြစ် ကမ္ဘာလှည့်ခရီးသွားများ လေ့လာနိုင်တော့မည်ဖြစ်သည်။ မြို့တော်ဟောင်းအတွင်းရှိ သချိုင်းအုတ်ဂူများ၊ လမ်းများ၊ အိမ်ရာများကို အီဂျစ်အစိုးရက ဖွင့်လှစ်ပေးတော့မည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများအနေဖြင့် ရာစုပေါင်းများစွာက တည်ရှိခဲ့သော လူကာစပစ်ရှေ့မြို့တော်ကြီး၏ ခမ်းနားကြီးကျယ်ပုံကို ရော်ရမ်းခံစားနိုင်ကြတော့မည်ဖြစ်သည်။

၁၉၈၆ ခုနှစ်တွင် အီဂျစ်နိုင်ငံ၏ မြေထဲပင်လယ်ကမ်းခြေဒေသ၌ အပန်းဖြေစခန်း တစ်ခုဆောက်လုပ်ရာ လမ်းဖောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော တရုတ်အင်ဂျင်နီယာများက လူကာစပစ်မြို့တော်ဟောင်းကြီးကို စတင်တွေ့ရှိခဲ့သည်။ သုတေသနပညာရှင်များ၏ လေ့လာချက်အရ လူကာစပစ်မြို့တော်ဟောင်းသည် ဘီစီ ၂ ရာစုတွင် စတင်တည်ဆောက်ခဲ့သော ဂရိနှင့် ရောမလက်ရာများ ပေါင်းစပ်ထားသည့် ဆိပ်ကမ်းမြို့ကြီးဖြစ်ကြောင်းသိရသည်။ အေဒီ ၃၆၅ ခုနှစ်အရောက်တွင် ခရိတ်ကျွန်းအနီးလှုပ်ခတ်ခဲ့သော အင်အားပြင်းထန်သည့် မြေလျှင်ကြောင့် ဆူနာမီရေလှိုင်းများဖြစ်ပေါ်ခဲ့ရာ လူကာစပစ်မြို့ကြီးပျက်စီးခဲ့ရသည်။ ယင်းအပြင် ဆူနာမီကြောင့် လူကာစပစ်မြို့အပြင် ၎င်းမြို့နှင့် ခေတ်ပြိုင် အလက်ဇန္ဒြီးယားမြို့လည်း ပျက်စီးခဲ့ရသည်။ ***အင်တာနက်။***

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ

မြန်မာ့တပ်မတော်ပြေးခုန်ပစ်အားကစားအဖွဲ့အား ပို့ဆောင်နှုတ်ဆက် ရန်ကုန်တိုင်းဒေသကြီး စံပြစိုက်ပျိုးရေးအထူးဇုန်အတွင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့တပ်မတော်ပြေးခုန်ပစ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် စင်ကာပူသမ္မတနိုင်ငံ၌ စက်တင်ဘာ ၁၂ ရက်၌ ကျင်းပမည့် စင်ကာပူ တပ်မတော် Half Marathon အပြေးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့တပ်မတော် ပြေးခုန်ပစ်အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ တွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စံပြစိုက်ပျိုးရေးအထူးဇုန်သို့ရောက်ရှိပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များအားတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ စံပြစိုက်ပျိုးရေးအထူးဇုန်အတွင်း ကုမ္ပဏီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စံပြစိုက်ပျိုးရေးအထူးဇုန်(၁)နှင့် အထူးဇုန်(၂)တို့သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူများက **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍